# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်–နှုတ်–စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ–၂၄)**


၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ သောကြာနေ့။ Friday, 25 August 2023 ၁၁၁၉၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်း ရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာ စေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန် အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှု မရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ် နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အဖိတ်နေ့နှင့် ဥပုသ်နေ့များတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် သြဂုတ် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ် အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❍

### ယနေ့ ဖတ်စရာ


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ် ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့** စာမျက်နှာ » ၃

**၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်မှုပေါင်း ၇၄၇ မှု လက်ခံရရှိပြီး ၅၈၆ မှု စစ်ဆေးပြီးစီးခဲ့** စာမျက်နှာ » ၅

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း CGTN ရုပ်သံဌာနမှ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြား** စာမျက်နှာ » ၈

**ပညာရှာလူငယ်များ ကိုယ့်အနာဂတ်ကို အလေးထား** ဆောင်းပါး စာမျက်နှာ » ၆


### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် သြဂုတ် ၂၄

| | |
|---|---|
| မော်လမြိုင်ကျွန်း | ၃ ဒသမ ၄၂ လက်မ |
| သထုံ | ၃ ဒသမ ၁၁ လက်မ |
| ကိုကိုးကျွန်း | ၃ ဒသမ ၀၃ လက်မ |
| ကျိုက္ခမီ | ၃ ဒသမ ၀၃ လက်မ |
| ဘီးလင်း | ၂ ဒသမ ၈၃ လက်မ |
| ဓနုဖြူ | ၂ ဒသမ ၆၃ လက်မ |
| လောင်းလုံး | ၂ ဒသမ ၄၈ လက်မ |




ကြေးမုံ

# တိုင်းရင်းသားအားလုံးပါဝင်သည့်ရပ်ဝန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် "လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်" ဟူသည့်အချက်ကို အောင်မြင်စွာအကောင်အထည်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းကို လက်တွေ့အကောင်အထည်ဖော်ပြီးလျှင် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်"ဟူသော ရှေ့လုပ်ငန်းစဉ်ပေါ်ပေါက်လာမည်ဖြစ်သည်။ အဆိုပါရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အဓိကကျသောအချက်မှာ "ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ ရှေ့ခရီးအတွက် အခြေခံအကျဆုံး အကောင်အထည်ဖော်ရမည်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ ဖော်ပြပါအချက်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍမှာ အရေးပါလာသည်။ အလားတူ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးအတွက် စနစ်တကျစီမံဆောင်ရွက်ပေးခြင်းအားဖြင့် မဲပေးပိုင်ခွင့်မရှိသူများမှအပ ပြည်သူတစ်ရပ်လုံးသည် ၎င်းတို့၏ဆန္ဒများကို ထုတ်ဖော်နိုင်မည်ဖြစ်သည်။

ယခုအခါ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ယနေ့အထိ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ စုစုပေါင်း ၃၆ ပါတီရှိသည်။ အဆိုပါပါတီများအနက် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ခွင့်ပြုခဲ့သည့် ပါတီအဟောင်း ၃၀ နှင့် ပုဒ်မ ၃ အရ ပါတီအသစ်အဖြစ် လျှောက်ထားခဲ့သည့် နိုင်ငံရေးပါတီ ခြောက်ပါတီရှိသည်။ ခွင့်ပြုပေးခဲ့သည့်ပါတီ ၃၆ ပါတီအနက် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးဆောင်ရွက်မည့်ပါတီ ခုနစ်ပါတီနှင့် ကျန်ပါတီများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်သည်။

ထူးခြားချက်အနေဖြင့် ပထမအချက်မှာ ပါတီဟောင်းများသာမက ပါတီအသစ်ခြောက်ပါတီ ပါဝင်လာပြီး ဒုတိယအချက်အနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ ခုနစ်ပါတီ ရှိနေခြင်းဖြစ်သည်။ တတိယအချက်အနေဖြင့် ကျန်ရှိသည့်ပါတီများတွင်လည်း အများစုသည် တိုင်းရင်းသားပြည်နယ်များတွင် စည်းရုံးဆောင်ရွက်မည့်ပါတီများဖြစ်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ခဲ့သည်မှာ သုံးကြိမ်ရှိပြီး ဆက်လက်ဆောင်ရွက်ရာတွင် ပါတီအများစုမှာ တိုင်းရင်းသားများကို ကိုယ်စားပြုနေသည်။

ရွေးကောက်ပွဲကျင်းပရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းရင်းသားပြည်သူအားလုံး ပါဝင်ခွင့်ရရှိရေးသည် အရေးကြီးသည်။ ရွေးကောက်ပွဲကျင်းပချိန်တွင် မဲဆန္ဒရှင်ပြည်သူအားလုံး အကြောက်တရားကင်းကင်း၊ ဖိအားကင်းကင်းနှင့် မိမိတို့ရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်းနှင့်ပါတီကို ရွေးချယ်နိုင်ရန်လိုအပ်သည်။ နိုင်ငံတော်၏ရည်မှန်းချက်သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးကို အခြေခံအခွင့်အရေးအဖြစ်ရှုမြင်ထားသည်။ အသက်အရွယ်အရ ကန့်သတ်ချက်ပြည့်မြောက်ပြီးသည့် နိုင်ငံသားတိုင်း အခြေခံဥပဒေအရ မဲပေးပိုင်ခွင့်မရှိသူများမှအပ ပြည်သူတစ်ရပ်လုံး၏ဆန္ဒကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ သို့မှသာ ပြည်သူများလိုလားသည့် နိုင်ငံရေးစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးအတွက် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည့်စုံအောင်မြင်စွာကျင်းပနိုင်ရေး ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပေါ်ပေါက်လာသည့် ပါတီအများစုတွင် တိုင်းရင်းသားပြည်နယ်များ၌ စည်းရုံးဆောင်ရွက်မည့်ပါတီများ ပါဝင်လာပြီဖြစ်၍ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် နိုင်ငံရေးစနစ်တည်ဆောက်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုကို တည်ဆောက်ရာတွင်လည်းကောင်း တိုင်းရင်းသားပြည်သူအားလုံး၏ လိုလားချက်၊ တောင်းဆိုချက်များကို ကိုယ်စားပြုဖော်ပြနိုင်မည့် တိုင်းရင်းသားမျိုးစုံ ပါဝင်သည့် လွှတ်တော်ရပ်ဝန်းတစ်ခုသို့ ဦးတည်နေသည်ကို သတိပြုရမည်ဖြစ်ပါကြောင်း။ ။

## ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၇၇ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

### ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်မြင့် အား ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နယ်စပ်ရေးရာဝန်ကြီးဌာနက မိတ္ထီလာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်ဥများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများသည် မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု အုတ်ကျင်းကျေးရွာ ဝေဇယန္တာကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ၊ ကြက်ဥနှင့် အခြားစားသောက်ဖွယ်ရာများကို ဝေဇယန္တာအုတ်ကျောင်းတိုက် ဆရာတော် ဦးဝဏ္ဏိတထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ ဒေသအတွင်းရှိ သံဃာတော်များ ဆွမ်းအခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥများကို ဒေသအလိုက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၁၉၉ | ၁,၈၇၁,၇၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၁,၈၂၄ | ၅,၈၃၅,၇၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၇ | ၅၆,၀၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၃၉၂ | ၆၆၆,၄၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၂၀ | ၄၉,၀၀၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၅၈၈ | ၁,၃၅၂,၄၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |
| MAEX | ၁,၉၀၀ | ၁,၉၀၀ | ၁,၀၁၁ | ၁,၈၇၁,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ် အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) တို့အကြား၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွန်းဝီနိုင်း တို့အကြား ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတု အထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)ထံသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်ဆက်သွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော အထိမ်းအမှတ် အခါသမယတွင် မိမိမှ နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ချစ်ကြည်ရင်းနှီးစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု (၇၅)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်သည် မိမိတို့၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာ နယ်ပယ်တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်နိုင်ရေး အတူတကွ လက်တွဲဆောင်ရွက်မည့် ကတိကဝတ်ကို အားသစ်လောင်းရန် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်စေသည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိတို့၏ ထူးခြားမှုရှိသော နွေးထွေးသည့် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးတို့သည် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်သည့် အားလျော်စွာ မိမိတို့၏စုပေါင်းစွမ်းအားမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေးနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး၊ ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှု အပါအဝင် ကဏ္ဍစုံနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်ဖော်ဆောင်သွားနိုင်မည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ထားပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ဝန်ကြီးချုပ် ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတု အထိမ်းအမှတ် အခါသမယတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံမှ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွန်းဝီနိုင်း ထံသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် ဆက်သွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော အထိမ်းအမှတ် အခါသမယတွင် မိမိမှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နွေးထွေးစွာ ဆုမွန်ကောင်းများပို့သပါကြောင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် ဆယ်စုနှစ်များစွာတိုင် နှစ်နိုင်ငံအကြား တည်ရှိခဲ့သည့် အိမ်နီးချင်းကောင်းဆက်ဆံရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတို့ကို အစဉ်အလေးထား တန်ဖိုးထားလျက်ရှိပါသည်။ နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ် စတင်ထူထောင်သည့် စိန်ရတု အထိမ်းအမှတ်သည် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်သည့် အခါသမယဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ရေးရှုလျက် မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးတို့ကို နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာမျက်နှာစာတွင်ပါ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးအတွက် အဆွေတော်နှင့် ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် ထိုင်းနိုင်ငံနှင့် ထိုင်းပြည်သူပြည်သားများ အစွန့်ရှည်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတု အထိမ်းအမှတ် အခါသမယတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

ယခုနှစ်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်မှု (၇၅) နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အခါသမယဖြစ်သည့်အားလျော်စွာ အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ မိမိအနေဖြင့် နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့် (၇၅)နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးပြီး နီးကပ်မှုရှိသည့်ဆက်ဆံရေးကို တည်ဆောက်ခံစားလျက်ရှိပါသည်။ တူညီသော ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို အခြေခံသည့် မိမိတို့ပြည်သူများအကြား အားကောင်းသော ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် ခိုင်မာသည့် အုတ်မြစ်တစ်ရပ်ဖြစ်စေခဲ့ပါသည်။ ရှည်လျားသည့် နယ်နိမိတ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်များဖြစ်ကြသည့်အားလျော်စွာ မိမိတို့နှစ်နိုင်ငံသည် ဘုံစိန်ခေါ်မှုများကို ဖြေရှင်းရန် အတူတကွ လက်တွဲလုပ်ဆောင်ခဲ့ကြပြီး အပြန်အလှန်အကျိုးစီးပွားအတွက် ကျယ်ပြန့်သည့် နယ်ပယ်ပေါင်းစုံတွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

စစ်မှန်သည့် အိမ်နီးချင်းကောင်းစိတ်ဓာတ်ဖြင့် အေးချမ်းသာယာဝပြောသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ထောင်လိုသည့် မြန်မာနိုင်ငံ၏ ရည်မှန်းချက်အပေါ် ထိုင်းနိုင်ငံအနေဖြင့် ခိုင်မာစွာ ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုလိုပါသည်။ နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန် လုပ်ဆောင်မည့် မိမိတို့၏ ကတိကဝတ်မှာလည်း မယိမ်းမယိုင်ဘဲ တည်ရှိနေမည်ဖြစ်ပါသည်။ မိမိတို့အကြား တည်တံ့ခိုင်မြဲသည့် မိတ်ဖက်ဆက်ဆံရေးမှာလည်း ဆက်လက်ရှင်သန်တိုးတက်လျက် မိမိတို့နှစ်နိုင်ငံ၏ အပြန်အလှန်ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနှင့် တိုးတက်မှုများ ရှေ့ဆက်ဖော်ဆောင်သွားနိုင်ရန်အတွက် လမ်းပြပေးသွားနိုင်မည်ဟု မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်ထားပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတု အထိမ်းအမှတ် အခါသမယတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွန်းဝီနိုင်း ထံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ပေးပို့သည့်သဝဏ်လွှာ

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ထိုင်းပြည်သူများ၏ကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့် (၇၅)နှစ်ကျော်ကာလအတွင်း မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုနှင့် ခိုင်မာအားကောင်းမှု ရှိခဲ့ပြီးဖြစ်ပါသည်။ မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးသည်လည်း ဆက်လက်တိုးတက် ခိုင်မာလာခဲ့ပါသည်။ မဟာဗျူဟာမြောက် မိတ်ဖက်များဖြစ်သည့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ဘုံစိန်ခေါ်မှုများကို ဖြေရှင်းခြင်းနှင့် သာယာဝပြောမှုများ ဖော်ဆောင်ခြင်းတို့ဆီသို့ ဦးတည်သည့် လမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယခုကဲ့သို့ အရေးပါသည့် နှစ်ပတ်လည် အထိမ်းအမှတ် အခါသမယတွင် ငြိမ်းချမ်းရေး၊ သာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အတူတကွ ဖော်ဆောင်ပြီး ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ လာမည့်နှစ်များစွာတိုင် ဆက်လက်ရှင်သန်စေရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ခိုင်မာအားကောင်းအောင် ဆောင်ရွက်သွားမည့် ထိုင်းနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်




နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ လာဘွန်ဘာဂျိုးမြို့တွင်ကျင်းပသည့် (၁၇)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ($17^{th}$ ASEAN Ministerial Meeting on Transnational Crime and its Related Meetings – $17^{th}$ AMMTC) ကိုတက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင်အင်ဒိုနီးရှားနိုင်ငံ လာဘွန်ဘာဂျိုးမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

**တက်ရောက်**

$17^{th}$ AMMTC နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံ လာဘွန်ဘာဂျိုးမြို့ MERUORAH Hotel (မယ်ရိုရာဟိုတယ်) တွင် ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ လေ့လာသူအရှေ့တီမောနိုင်ငံတို့မှ ဝန်ကြီးအဆင့်များနှင့် အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများ၏ အလံတင်အခမ်းအနားပြုလုပ်ခြင်း၊ အင်ဒိုနီးရှားနိုင်ငံတော်သီချင်းနှင့် အာဆီယံသီချင်းတို့အား ဖွင့်လှစ်ခြင်း၊ အာဆီယံ ၁၀ နိုင်ငံမှ AMMTC ခေါင်းဆောင်/ ဝန်ကြီးအဆင့်များ တစ်ဦးချင်း မိတ်ဆက်ခြင်း၊ အိမ်ရှင် အင်ဒိုနီးရှားနိုင်ငံ၏ AMMTC ခေါင်းဆောင်၊ အင်ဒိုနီးရှား အမျိုးသားရဲအဖွဲ့ ရဲချုပ် ရဲဗိုလ်ချုပ်ကြီး Listyo Sigit Prabowo က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက Video Clip ဖြင့် မိန့်ခွန်းပြောကြားခြင်းများ ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး တက်ရောက်လာသည့် ဝန်ကြီးအဆင့်များနှင့် အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

(၁၇) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး ပထမနေ့ကို ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မယ်ရိုရာဟိုတယ် ကိုမိုဒိုခန်းမတွင် စတင်ကျင်းပရာ အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ AMMTC ခေါင်းဆောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားခြင်း၊ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်က အာဆီယံ၏ ဖြစ်ပေါ်တိုးတက်မှု လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အာဆီယံလူဝင်မှုကြီးကြပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဌာနများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးများ၏ အစီရင်ခံစာကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ AMMTC ခေါင်းဆောင်/ ဝန်ကြီးအဆင့်များက အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြရာ မြန်မာနိုင်ငံ AMMTC ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှု အညွှန်းကိန်းအစီရင်ခံစာ ၂၀၂၃ အရ အကြမ်းဖက်အုပ်စုများသည် မောင်းသူမဲ့ ဒရုန်းများကို စတင်အသုံးပြုလာရာ အနာဂတ်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာကြောင်း ပြောကြားပြီး မြန်မာနိုင်ငံတွင် အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်း PDFs များ၏ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ ပြည်သူ၊ ရဟန်းသံဃာ၊ သီလရှင်သေဆုံးမှုများ၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ၊ လမ်း၊ တံတား၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးတာဝါတိုင်/ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ၊ Online လိမ်ညာမှုနှင့်ဆက်စပ်ဖြစ်ပေါ်နေသော လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှုများ၊ ဆိုက်ဘာမှုခင်းတိုက်ဖျက်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဒေသတွင်း ရာဇဝတ်မှုခင်းများ တိုက်ဖျက်ရေးတွင် ဒေသအဆင့်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ထိရောက်အားကောင်းစေရန် လိုအပ်ချက်များကို အကြံပြုဆွေးနွေးသည်။

$17^{th}$ AMMTC အစည်းအဝေးတွင် အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ထုတ်ပြန်ကြေညာချက် သုံးရပ်၊ ပူးတွဲကြေညာချက် တစ်ခုနှင့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်း၊ လက်နက်မှောင်ခိုမှုများဆိုင်ရာ လုပ်ငန်းစီမံချက် လေးခု၊ ပေါင်း ရှစ်ခုတို့ကို အသေးစိတ် ဆွေးနွေး/အကြံပြုခဲ့ကြပြီး အတည်ပြု၍ အစည်းအဝေးအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

**သီးခြားတွေ့ဆုံ**

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Xu Datong တို့သည် နှစ်နိုင်ငံ သီးခြားတွေ့ဆုံ၍ မြန်မာ-တရုတ် နှစ်နိုင်ငံ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်စပ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ MoU အရ ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပရေး၊ မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသော Online လိမ်ညာမှု မှုခင်းများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများအန္တရာယ် ကာကွယ်တားဆီးနှိမ်နင်းနိုင်ရေးတို့တွင် သတင်းအချက်အလက် ဖလှယ်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

အစည်းအဝေးဒုတိယနေ့ကို ဩဂုတ် ၂၂ ရက်တွင် အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပရာ အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်သော အာဆီယံအပေါင်း ၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) $13^{th}$ AMMTC + 3 Consultation အစည်းအဝေးကို နံနက် ၉ နာရီတွင် လည်းကောင်း၊ တရုတ်နိုင်ငံနှင့် $10^{th}$ AMMTC + China Consultation အစည်းအဝေးကို နံနက် ၁၀ နာရီတွင်လည်းကောင်း ကျင်းပရာ မြန်မာနိုင်ငံ AMMTC ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Xu Datong တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အကြမ်းဖက်သမားများနှင့်ရာဇဝတ်ဂိုဏ်းများသည် Globalization ကြောင့် ဖြစ်ပေါ်လာသည့် နည်းပညာအခွင့်အလမ်းများကို အသုံးချ ကျူးလွန်လျက်ရှိရာ ထိရောက်စွာ တိုက်ဖျက်နိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများဖြေရှင်းနိုင်ရန် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်မှုများလိုအပ်ကြောင်း၊ အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ (၂၀၁၇-၂၀၂၃) အကောင်အထည်ဖော်မှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကြံပြုချက်နှင့် ဆွေးနွေးမှုများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ $10^{th}$ AMMTC + China Consultation ၏ ပူးတွဲထုတ်ပြန်ချက်ကို အတည်ပြုခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့နောက် ဂျပန်နိုင်ငံနှင့် $8^{th}$ AMMTC + Japan Consultation အစည်းအဝေးကို လည်းကောင်း၊ ကိုရီးယားနိုင်ငံနှင့် $3^{rd}$ AMMTC + ROK Consultation အစည်းအဝေးကိုလည်းကောင်း ဆက်လက်ကျင်းပပြုလုပ်ခဲ့ပြီး $8^{th}$ AMMTC + Japan အစည်းအဝေးတွင် ဂျပန်နိုင်ငံ AMMTC ခေါင်းဆောင်က မြန်မာနိုင်ငံပြည်တွင်းရေးနှင့် ပတ်သက်သည့် အခြေအနေများကို ဝေဖန်ပြောဆိုခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်တုံ့ပြန်ပြောကြားရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံတစ်ခုက ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းအားဖြင့် ဒေသတွင်းအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသည် အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်သည့်ဆွေးနွေးမှုနှင့်ဆွေးနွေးဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကိုသာ ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများသည် ပြည်တွင်းရေးမျှသာဖြစ်ပြီး ဒေသတွင်း အရေးကိစ္စမဟုတ်ပါကြောင်း၊ ယခုလိုဒေသတွင်း အစည်းအဝေးများတွင် ဆွေးနွေးမည်မဟုတ်ပါကြောင်း၊ မြန်မာ့နိုင်ငံရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည်များရှိပါက နှစ်နိုင်ငံတွေ့ဆုံပြီး သီးခြားဆွေးနွေးနိုင်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

(၁၇)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် ထုတ်ပြန်မည့်ကြေညာချက်များနှင့် လုပ်ငန်းစီမံချက်များအား အတည်ပြုနိုင်ရေးအတွက် အဆင့်မြင့်အရာရှိကြီးများအဆင့် ကြိုတင်ညှိနှိုင်းအစည်းအဝေး (Preparatory SOMTC) ကိုဩဂုတ် ၂၀ ရက်ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် အဆိုပါဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ SOMTC ခေါင်းဆောင် ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်အောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## သောက်သုံးရေကောင်းမွန်စွာရရှိရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တွံတေးမြို့နယ် မွေးမြူရေးဇုန်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ မွေးမြူရေးဇုန်အဝင်လမ်းခင်းကျင်းပြီးစီးမှုနှင့် လမ်းဘေးရေမြောင်းများ တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ စတင်လုပ်ဆောင်ရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် တွံတေးမြို့နယ် တွံတေး-ဒလကားလမ်းပေါ်ရှိ ရန်ကုန်ပေါက်ကျေးရွာအနီး ရေပေးဝေရေးစခန်းသို့ရောက်ရှိ၍ 330 kw Solar Power Plant(PV System) ဆောင်ရွက်ထားရှိမှု ၊ Nano Filterဖြင့် ရေသန့်စင်မှုစနစ်ဖြင့် သုတေသနဆောင်ရွက်နေမှု၊ ရေတွန်းစက်ရုံ၊ ရေစုကန်နစ်ကန်နှင့် ရေသန့်စင်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒလမြို့နယ်သို့ သွားရောက်၍ ရေပေးဝေရေးစီမံကိန်း မြေနေရာ၌ ရေစုကန်တည်ဆောက်နေမှုနှင့် ရေတွန်းစက်တည်ဆောက်နေမှု၊ ဒလမြို့နယ် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား စီမံကိန်းသို့ သွားရောက်၍ Toll Plaza တည်ဆောက်ရန် လျာထားသည့် မြေနေရာနှင့် ကမာကဆစ်ဈေးရှေ့၌ EV Charging Station တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်မှုပေါင်း ၇၄၇ မှု လက်ခံရရှိပြီး ၅၈၆ မှု စစ်ဆေးပြီးစီးခဲ့

နေပြည်တော် သြဂုတ် ၂၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ (၂၅)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။




ဦးစွာပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငွေက တရားရုံးများသည် တရားစီရင်ရေး ဖြောင့်မတ်မှန်ကန်ရေး၊ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အဓိကတာဝန်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး စသည့် အဓိကလုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သီးသန့်တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးနေသည့်အမှုများကိုလည်း ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေးအတွက် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကိုလည်း တိတိကျကျလိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုရှိရေး၊ လုပ်ရည်ကိုင်ရည် အရည်အသွေးမြင့်မားရေး၊ အဂတိလိုက်စားမှုကင်းရှင်းရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စိတ်ဓာတ်မြင့်မားရေးတို့အတွက်လည်း ကြပ်မတ်လမ်းညွှန် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တရားစီရင်ရေး ငါးနှစ် မဟာဗျူဟာစီမံကိန်း ၂၀၂၃-၂၀၂၇ ၏ ပထမနှစ် လုပ်ငန်းအစီအစဉ် ၂၀၂၃ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့် စပ်လျဉ်းပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်** ရာဇဝတ်အမှုပေါင်း **၇၄၇** မှုလက်ခံရရှိပြီး **၅၈၆** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း **၁၁၀၆** မှု လက်ခံရရှိပြီး အမှု **၈၂၀** စစ်ဆေးပြီးပြတ်ကြောင်း၊ **တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင်** ရာဇဝတ်အမှုပေါင်း **၂၆၉၃** မှု လက်ခံရရှိပြီး **၂၅၂၉** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း **၂၅၇၅** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၅၃ မှု အပါအဝင်) **၂၆၂၈** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများနှင့် ခရိုင်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း **၁၁၉၁၅** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၀၉၀ မှု အပါအဝင်) **၁၃၀၀၅** မှု စစ်ဆေးပြီးပြတ်ကြောင်း တရားမအမှုပေါင်း **၇၈၃၀** လက်ခံရရှိပြီး **၇၈၂၄** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မြို့နယ်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း **၁၀၆၃၆၀** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၃၆၃၉ မှု အပါအဝင်) **၁၀၉၉၉၉** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း **၉၂၆၁** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၈၃၁ မှု အပါအဝင်) **၁၀၀၉၂** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး**(ရန်ကုန်နှင့်မန္တလေး)တွင် ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း **၂၁၇** မှု လက်ခံရရှိပြီး **၁၉၉** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း **၁၇၄၉** မှု လက်ခံရရှိပြီး **၁၇၃၃** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း **၄၃၃၂၀** မှုကို စစ်ဆေးစီရင်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း အမှုများကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

နေပြည်တော် သြဂုတ် ၂၄


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးငွေးလှိုင်နှင့် ဦးဖြိုးဇော်စိုး၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ပြီး လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရွန်နစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

**လက်တွေ့ဆန္ဒမဲပေး**

ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၅၈ ဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၅၄ ဦး တက်ရောက်ခဲ့ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြသည်။



Myanmar Electronic Voting Machine (MEVM)စက်ကို အသုံးပြုမဲပေးခြင်းဖြင့် မိမိတို့ဆန္ဒပြုလိုက်သည့် ဆန္ဒမဲများသည် တိတိကျကျဖြင့် ပယ်မဲမရှိဘဲ အကျိုးရှိရှိဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ ယုံကြည်စိတ်ချမှုရရှိမည်ဖြစ်ကာ ပွင့်လင်းမြင်သာ၍ အများယုံကြည်လက်ခံသည့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

# ဘီးလင်းမြို့နယ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်းသည့် အသိပညာပေးရှင်းလင်းပွဲ ကျင်းပ



ဘီးလင်း သြဂုတ် ၂၄

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်က အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချိုက အခွန်ပေးဆောင်ရခြင်း၏ ရည်ရွယ်ချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကျင့်သုံးနေသောဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ၊ ရွှေထည်လက်ဝတ်ရတနာ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများရောင်းချခြင်း စသည့် လုပ်ငန်းရှင်များအား ပြေစာထုတ်ပေးခြင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုအား ဒဏ်ငွေတပ်ရိုက်ခြင်း၊ ပျက်ကွက်မှုအား တိုင်ကြားခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးမှူး ဦးအောင်သွင်ထူးက အခွန်တံဆိပ်ကပ်နှိပ်ခြင်းနှင့် ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် အခွန်ထမ်းလုပ်ငန်းရှင်တို့က သိလိုသည်တို့ကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါရှင်းလင်းပွဲသို့ ဘီးလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဘီးလင်းမြို့နယ်အတွင်းရှိ ဟိုတယ်/တည်းခိုခန်း၊ စားသောက်ဆိုင်၊ ရွှေဆိုင်၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ စသည်တို့မှ အခွန်ထမ်း လုပ်ငန်းရှင် ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပညာရှာလူငယ်များ ကိုယ့်အနာဂတ်ကို အလေးထား

မောင်ကမ္ဘာ

ပင်ပျိုးရွက်နုတို့ဟာ နုရာမှရင့်၊ ရင့်ရာမှရော်နဲ့ အဆုံးမှာတော့ ကြွေကျမြေခသွားကြရတယ်။ မနုဿလူသားအပါအဝင် သတ္တဝါအပေါင်းကလည်း ပျိုရာမှ အို၊ ပျိုသမျှအိုရ၊ မာသမျှနာရ၊ နေသမျှ သေကြရတာပါပဲ။

ကြွေကျသွားတဲ့ ရော်ရွက်ဝါတွေနေရာမှာ ရွက်နုသစ်တို့က အစားထိုးနေရာယူပြီး ဆက်လက် စိမ်းလန်းဝေဖြာကြသလို လူ့အဖွဲ့အစည်းမှာလည်း လူကြီးတွေရဲ့နေရာကို လူငယ်တွေက အစားထိုး ဝင်ရောက်ကြရတာကလည်း သဘာဝရဲ့ နိယာမ တစ်ခုပါ။

ဒါကြောင့်မို့ လူ့အဖွဲ့အစည်းက လူငယ်တွေကို ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ အနာဂတ်ကို စိုးပိုင်မယ့်လူငယ်များ စသဖြင့် တင်စားပြောဆိုလေ့ ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင်တော့ ယနေ့လူငယ်တွေဟာ အနာဂတ်နိုင်ငံတော်သစ်မှာ လူကြီးတွေနေရာကို ပခုံးပြောင်းတာဝန်ယူကြရမယ့် လူ့စွမ်းအားအရင်းအမြစ်တွေပဲ ဖြစ်ပါတယ်။

## လူငယ်ဖွံ့ဖြိုးရေးအစီအမံတွေ ချမှတ်ဆောင်ရွက်

နိုင်ငံတိုင်းဟာ လူငယ်ဖွံ့ဖြိုးရေးအစီအမံတွေကို ချမှတ်ဆောင်ရွက်လေ့ရှိသလို လက်ရှိလူငယ်တွေရဲ့ အသံ၊ လူငယ်တွေရဲ့ခြေလှမ်း၊ လူငယ်တွေရဲ့ဝါသနာ ဗီဇတွေကို မျက်ခြည်မပြတ် စောင့်လေ့လာပြီး လူချွန်လူမွန်တွေဖြစ်လာစေဖို့ ထိန်းကျောင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုထိန်းကျောင်း ဆောင်ရွက်ရာမှ သက်ဆိုင်ရာ တာဝန်ရှိသူတွေ သက်သက်သာ မဟုတ်ပါဘူး။ လူငယ်ရေးရာ သုတေသနပညာရှင်တွေ၊ ကျောင်းသားမိဘတွေ၊ မီဒီယာတွေအပါအဝင် လူ့အဖွဲ့အစည်းတစ်ခုလုံး နီးပါးပါပဲ။

အမေရိကန်မှာ ပညာရေးဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ လွှတ်တော်အမတ်တွေက ကောလိပ် ကျောင်းသား ကျောင်းသူတွေ အရက်သောက်သုံးမှု မပြုရေးအတွက် တားမြစ်ရေးအစီအစဉ်တွေကို ပုံမှန်ထုတ်ပြန်ကြေညာလေ့ရှိပါတယ်။

အမေရိကန်ပြည်ထောင်စု ပြည်နယ်တိုင်း လိုလိုမှာ အသက် (၂၁) နှစ်အောက် ဘယ်သူ့ကိုမဆို အရက်ဝယ်ယူမှုကို ပိတ်ပင်ထားပေမယ့် ဥရောပ နိုင်ငံတွေကတော့ အသက် (၁၈) နှစ်နှင့်အောက် သတ်မှတ်ထားပါတယ်။ အမေရိကန်မှာ ကျောင်းသား ကျောင်းသူတွေ အရက်သေစာ သောက်စားမှုနဲ့ပတ်သက်ပြီး တင်းကျပ်တဲ့ သဘောထားလာရခြင်းက အရက်မူးပြီး ကားမောင်းမှုကို ဆန့်ကျင်ရေးမိခင်များအုပ်စု(အမ်အေဒီဒီ)ရဲ့ ဖိအားပေးမှုကလည်း တစ်ကြောင်းပါဝင်ပါတယ်။

အာရှတိုက်မှာတော့ အရက်သောက်သုံးနိုင်တဲ့ အသက်အရွယ်ကို ကန့်သတ်ထားပေမယ့် ဥပဒေအရ တားမြစ်မှုက လျော့ရိလျော့ရဲနိုင်တယ်လို့ ဆိုပါတယ်။ တရုတ်ပြည်မှာ အရက်သေစာ သောက်စားမှုနဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို လူအနည်းငယ်ကသာ ရှင်းရှင်းလင်းလင်း သိကြပြီး မကြာခဏဆိုသလို ဘီယာ သို့မဟုတ် အရက်ပြင်းဝယ်ဖို့ သူတို့ကလေးငယ်တွေကို ခိုင်းတတ်ကြတယ်လို့ ဆိုပါတယ်။



## အဝလွန်ကဲလာတဲ့ လူငယ်ဦးရေတိုးလာ

ဒ့ါအပြင် ပြီးခဲ့တဲ့ဆယ်စုနှစ်တွေက တရုတ်နိုင်ငံမှာ အဝလွန်ကဲလာတဲ့ လူငယ်ဦးရေ တိုးလာတဲ့ အတွက် တရုတ်နိုင်ငံ ကျန်းမာရေးတာဝန်ရှိသူတွေက သတိပေးခဲ့ပါတယ်။ နိုင်ငံအတွင်းမှာ အဝလွန်ပြီး အင်အားချည့်နဲ့ကာ အနည်းအကျဉ်းလှုပ်ရှားရုံမျှဖြင့် မောပန်းတတ်သော၊ အပင်ပန်းမခံနိုင်သော၊ လူငယ် အရေအတွက် များပြားလာခြင်းဟာ စိုးရိမ်ရတဲ့ အခြေအနေရောက်လာပြီလို့ သတိပေးခဲ့ခြင်း ဖြစ်ပါတယ်။

အဝလွန်တဲ့ ကလေးဦးရေ တိုးလာရခြင်းက စာသင်ကျောင်းတွေမှာ ကာယပညာသင်ကြားလိုမှု၊ လေ့ကျင့်ပေးမှု နည်းပါးလာခြင်းက အဓိက အကြောင်းရင်းတစ်ခုဖြစ်သလို ကလေးတွေ ကိုယ်တိုင်ကလည်း အားကစားလှုပ်ရှားမှုတွေမှာ ပါဝင်ဖို့ ဆန္ဒမရှိကြခြင်းကြောင့် ဖြစ်တယ်လို့ ပညာရေးဝန်ကြီးဌာန ကာယကျန်းမာရေးဌာန အကြီးအကဲက သုံးသပ်ပြောကြားခဲ့ပါတယ်။

ထို့အတူ ကျောင်းသား ကျောင်းသူတွေဟာ ရုပ်မြင်သံကြားကြည့်ရှုချိန်နဲ့ ကွန်ပျူတာဂိမ်းကစားချိန် ပိုမိုများပြားလာခြင်းကြောင့်လည်း တက္ကသိုလ် ကျောင်းသား ၇၃ ရာခိုင်နှုန်း၊ အထက်တန်း ကျောင်းသား ၇၁ ရာခိုင်နှုန်းနဲ့ အလယ်တန်း ကျောင်းသား ၄၈ ရာခိုင်နှုန်းအထိ မျက်စိမှုန်လာကြတယ်လို့ လေ့လာဆန်းစစ်ချက်တွေအရ ထုတ်ပြန်ခဲ့ပါတယ်။

ဂျပန်နိုင်ငံမှာလည်း မြို့ကြီးတွေရဲ့ လမ်းမပေါ်ကို ကြည့်လိုက်ရင် အံ့ဩစရာကောင်းလောက်အောင် လူငယ်လူရွယ်တွေကို မတွေ့ရသလောက် ဖြစ်ခဲ့ပါတယ်။ ဂျပန်လူငယ်တွေကိုယ်နှိုက်က အိမ်ထဲက အိမ်ပြင်မထွက်ကြဘဲ အိမ်တွင်းပုန်းလုပ်နေကြတာလို့ သုံးသပ်ဝေဖန်သူတွေက ဆိုပါတယ်။

ဂျပန်လူငယ်အများစုဟာ နေ့နဲ့ည မှားနေကြတယ်။ အခန်းတံခါးပိတ်ပြီး တစ်နေ့လုံး အားရပါးရအိပ်၊ ညနေ နေဝင်ချိန်ရောက်တော့မှ အိပ်ရာက လူးလဲထပြီး တီဗွီကြည့်ချင်ကြည့်မယ်၊ ဂိမ်းကစားမယ်၊ ကွန်ပျူတာရှေ့ထိုင်မယ်၊ ဖုန်းနှိပ်မယ်။ ဒီလိုနဲ့ လူအများ အိပ်စက်အနားယူချိန်မှာ သူတို့တစ်တွေဟာ အီလက်ထရွန်နစ်ပစ္စည်းတွေကြားမှာ အလုပ်ရှုပ်နေကြတယ်။ နောက်နေ့ ရောင်နီအလာ၊ အများသူငါ အိပ်ရာထချိန်ရောက်တော့မှ အဆိုပါ ခေတ်ပေါ်ပစ္စည်းတွေကြားမှာ ကြုံသလိုအိပ်လိုက်ကြတယ်။ ဒါဟာ မျိုးဆက်သစ် ဂျပန်လူငယ်တွေရဲ့ နိစ္စဓူဝဘဝပဲဖြစ်ပါတယ်။ လက်ရှိဆို အိမ်ထောင်ပြုသူတွေ နည်းပါးလာလို့ ကလေးမွေးဖွားနှုန်းတောင် လျော့ကျလာတဲ့အထိပါ။

## လူငယ်ဦးရေဟာ ၁ ဒသမ ၂ ဘီလီယံခန့်ရှိ

ယနေ့ ကမ္ဘာ့လူဦးရေ ရှစ်ဘီလီယံကျော်ရှိတဲ့ အနက် အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်းရှိ လူငယ်ဦးရေဟာ ၁ ဒသမ ၂ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူဦးရေ စုစုပေါင်းရဲ့ ၁၆ ရာခိုင်နှုန်းခန့် ရှိပါတယ်။ ကမ္ဘာ့လူငယ်ဦးရေရဲ့ ၆၀ ရာခိုင်နှုန်းကျော်ဟာ အာရှ–ပစိဖိတ်ဒေသမှဖြစ်ပြီး ဒေသတွင်း စုစုပေါင်းလူဦးရေရဲ့ ၁၉ ရာခိုင်နှုန်းကျော်ရှိကြောင်း ကုလသမဂ္ဂက ထုတ်ပြန်တဲ့စာရင်းတွေအရ သိရပါတယ်။ အာဆီယံဒေသတွင်းမှာလည်း လူဦးရေစုစုပေါင်းရဲ့ ၃၄ ရာခိုင်နှုန်းနီးပါးဟာ အသက် (၁၅) နှစ်မှ (၃၅) နှစ်အတွင်းရှိ လူငယ်တွေဖြစ်ကြပါတယ်။

မြန်မာနိုင်ငံမှာလည်း ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၁၆ ဒသမ ၈၉ သန်းဟာ အသက် (၁၅) နှစ်မှ (၃၄) နှစ်အထိ လူငယ်တွေဖြစ်ကြပြီး နိုင်ငံ့လူဦးရေစုစုပေါင်းရဲ့ ၃၃ ရာခိုင်နှုန်းကျော် ရှိပါတယ်။

ဒါဟာ အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်ကြီးတစ်ခု ဖြစ်တဲ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်မှာ လူငယ်တွေရဲ့ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမယ့် နိုင်ငံ့သားကောင်းတွေ ဖြစ်ပေါ်လာစေရေး၊ လူငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာမူဝါဒတွေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

## ဗလငါးတန်ပြည့်ဝတဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာအောင် ပြုစုပျိုးထောင်

လူငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်တွေကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့၊ လူငယ်တွေ ပညာသင်ယူခြင်းနဲ့အတူ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်တဲ့၊ ဗလငါးတန်ပြည့်ဝတဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ယခင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် သီးခြားစီခွဲပြီး ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါတယ်။ လူငယ်ရေးရာဦးစီးဌာနကိုလည်း တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ပြီး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ (၇)ရပ်၊ ရည်မှန်းချက် (၇) ရပ်နဲ့ လုပ်ငန်းစဉ် (၁၀) ရပ် ချမှတ်ကာ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း “မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ မွေးထုတ်ပေးနိုင်ရေး ဆရာ ဆရာမများသာမက မိဘများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့်လည်း အလေးထားဆောင်ရွက်ပေးစေလိုကြောင်း” ၉–၈–၂၀၂၃ ရက်နေ့က နေပြည်တော်မှာ ကျင်းပတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများနဲ့ တွေ့ဆုံပွဲမှာ အလေးထား လမ်းညွှန်မှာကြားခဲ့ပါတယ်။

မှန်ပါတယ်။ အနာဂတ်နိုင်ငံတော်အတွက် လူငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ဆောင်ရွက်ရာမှာ နိုင်ငံတော်ပိုင်းတစ်ခုတည်းသာမက စောစောက တင်ပြပါအတိုင်း မိဘဆရာတွေ၊ အစိုးရမဟုတ်တဲ့ လူမှုအဖွဲ့အစည်းတွေ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စတဲ့အနုပညာရှင်၊ အတတ်ပညာရှင်တွေ၊ မီဒီယာတွေပါမကျန် အားလုံး တာဝန်သိသိ၊ တာဝန်ရှိရှိနဲ့ ကဏ္ဍအလိုက် တာဝန်ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

မိဘဆရာသမားတွေအနေနဲ့က စာကောင်းပေမွန်တွေ ဖတ်ရှုလေ့လာခြင်းဟာ လူ့အသိဉာဏ်ကို ဖွံ့ဖြိုးတိုးတက်စေတယ်ဆိုတာ ကိုယ်တိုင်ခံယူပြီး တပည့်၊ သားသမီးတွေအတွက် ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်စာပေတွေကို ညွှန်ပြခြင်း၊ ကိုယ်တိုင်ဝယ်ပေးခြင်းဖြင့် လူငယ်တွေကို စာကောင်းပေမွန်ဖတ်ရှုတဲ့ အလေ့အကျင့်ရရှိအောင် ပြုစုပျိုးထောင်ပေးဖို့ လိုအပ်ပါတယ်။

မှတ်မိပါသေးတယ်။ လူငယ်တွေ ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်စာပေတွေ ရှားပါးနေချိန်မှာ ဆရာမောင်ဝံသ စီစဉ်ထုတ်ဝေခဲ့တဲ့ “လူချွန်လူမွန်” စာအုပ်လေး။ ဆရာက ဒီစာအုပ်လေးကို အထူးသဖြင့် လူငယ်တွေ အားကျအတုယူနိုင်အောင်၊ သင်ခန်းစာရယူနိုင်အောင် နိုင်ငံတကာက ထူးချွန်သူတွေ၊

စာမျက်နှာ ၇ သို့ ✦

- ✤ မိဘဆရာသမားတွေအနေနဲ့က စာကောင်းပေမွန်တွေ ဖတ်ရှုလေ့လာခြင်းဟာ လူ့အသိဉာဏ်ကို ဖွံ့ဖြိုးတိုးတက်စေတယ်ဆိုတာ ကိုယ်တိုင်ခံယူပြီး တပည့်၊ သားသမီးတွေအတွက် ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်စာပေတွေကို ညွှန်ပြခြင်း၊ ကိုယ်တိုင်ဝယ်ပေးခြင်းဖြင့် လူငယ်တွေကို စာကောင်းပေမွန်ဖတ်ရှုတဲ့ အလေ့အကျင့်ရရှိအောင် ပြုစုပျိုးထောင်ပေးဖို့ လိုအပ်
- ✤ အနာဂတ်နိုင်ငံတော်ရဲ့တာဝန်တွေကို ပခုံးပြောင်းထမ်းရွက်ကြမယ့် မြန်မာလူငယ်တွေအနေနဲ့လည်း နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ အကျိုးစီးပွားကို တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ဖို့ဆိုရင် ငယ်စဉ်လူငယ်ဘဝကတည်းက လူချွန်လူမွန်တွေဖြစ်အောင် ကိုယ့်ထူးကိုယ်ချွန် ကိုယ်တိုင်ကိုယ်ကျ ပြုစုပျိုးထောင်ရမယ့်တာဝန်ရှိ

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ (၁၇)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၁၈) ကြိမ်မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်၍(၁၇) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လာအိုနိုင်ငံမှ အိမ်ရှင်အဖြစ် ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်အထိကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ အာဆီယံမိတ်ဖက်နိုင်ငံများဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် အမေရိကန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




## တက်ရောက်

ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ National Convention Center ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ ပတ်ဝန်းကျင်နှင့်သစ်တောရေးရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ အာဆီယံမိုးလေဝသအထူးပြုဌာနနှင့် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အာဆီယံပတ်ဝန်းကျင်ရေးရာဝန်ကြီးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် (၁၇)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးကို ဆက်လက်ကျင်းပရာ လာအိုနိုင်ငံ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက Country Statement ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံသည် သစ်တောဖုံးလွှမ်းမှုဧရိယာ ဟက်တာ ၂၈ ဒသမ ၅၄ သန်းရှိပြီး တစ်နိုင်ငံလုံး၏ ၄၂ ဒသမ ၁၉ ရာနှုန်းဖြစ်ကြောင်း၊ သစ်တောများသည် ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် သစ်တောသယံဇာတ ထိန်းသိမ်းရေးသည် မြန်မာနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် နေရောင်ခြည်စွမ်းအင်၊ ရေအားလျှပ်စစ်စသည့် အသေးစားပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ ဖော်ဆောင်ခြင်းကို တွန်းအားပေးဆောင်ရွက်ခြင်းဖြင့် စွမ်းအင်အတွက် သစ်တောများအပေါ် မှီခိုနေရမှုကို လျှော့ချနိုင်ပြီး ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုနှင့် သစ်တောထိန်းသိမ်းခြင်းတို့ကို အထောက်အကူပြုလျက်ရှိကြောင်း၊ ယခုအစည်းအဝေးမှ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ပြီး အာဆီယံအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ဒေသတွင်းပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မှု၊ နိုဝင်ဘာလအတွင်း ယူအေအီးနိုင်ငံတွင်ကျင်းပမည့် UNFCCC COP 28 သို့ အာဆီယံမှတင်သွင်းမည့် အာဆီယံနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးတွဲကြေညာစာတမ်း၊ အာဆီယံသန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု၊ အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ချန်ပီယံဆုဆုရရှိသူများနှင့် ပြင်ပမှဝင်ရောက်လာသည့် မျိုးစိတ်များဆိုင်ရာ အာဆီယံလုပ်ငန်းအစီအစဉ်များကို အတည်ပြုခြင်းကို ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် (၁၈) ကြိမ်မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံဒေသတွင်း Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု အခြေအနေ၊ ခြောက်သွေ့ရာသီတွင် ဖြစ်ပေါ်နိုင်သည့် မိုးလေဝသခန့်မှန်းချက်နှင့် နိုင်ငံအလိုက် မီးခိုးမြူငွေ့လျှော့ချရေး ဆောင်ရွက်နေမှု အခြေအနေများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံ (၂၀၂၃-၂၀၃၀)၊ အာဆီယံ သစ်ဆွေးမြေစီမံအုပ်ချုပ်မှုမဟာဗျူဟာ (၂၀၂၃-၂၀၃၀)နှင့် မီးခိုးမြူငွေ့ကင်းစင်၍ ရေရှည်တည်တံ့သော မြေယာစီမံခန့်ခွဲရေးအတွက် အာဆီယံရင်းနှီးမြှုပ်နှံမှု မူဘောင်တို့ကို အတည်ပြုခြင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေးဗဟိုဌာန တည်ထောင်ရေးစာချုပ်အား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ လွှဲပြောင်းမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေးဗဟိုဌာန တည်ထောင်ရေးကို မြန်မာနိုင်ငံမှ အပြည့်အဝထောက်ခံပြီး အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒေသတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းစဉ်များအား အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာဆီယံဗဟိုဌာနနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေးဗဟိုဌာန တည်ထောင်ရေးစာချုပ်များအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ လွှဲပြောင်းသည့်အခမ်းအနားသို့ တက်ရောက်သည်။

ညပိုင်းတွင် အာဆီယံ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုနှင့် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ချန်ပီယံဆုပေးပွဲနှင့် ညစာစားပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

မြန်မာနိုင်ငံမှ အာဆီယံသန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု (၂၀၂၃)ကို မူလတန်းအဆင့်အတွက် အခြေခံပညာမူလတန်းကျောင်း (ဒေါင့်ကွေး) ဒေါင့်ကွေးကျေးရွာ ကျောင်းကုန်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီးနှင့် အထက်တန်းအဆင့်အတွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြစ်ကြီးနားမြို့ ကချင်ပြည်နယ်တို့ကရရှိပြီး အာဆီယံလူငယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ချန်ပီယံဆု (၂၀၂၃)ကို Senior Category မှ ဒေါက်တာကောင်းထက်စွမ်းကရရှိရာ ဆုများကို မြန်မာကိုယ်စားလှယ်အဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးနေကြာစိုက်ပျိုးရေး မြန်အောင်ခရိုင်အတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်

မြန်အောင် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး၂၀၂၃-၂၀၂၄ ခုနှစ် မိုးနေကြာစိုက်ပျိုးရေး ခရိုင်အတွင်းစိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ယနေ့နံနက်က မြန်အောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး(ယာယီ) ဦးစိုးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (ရုံးချုပ်) နေပြည်တော် သုတေသနအရာရှိ ဒေါက်တာဒေါ်နန်းပပဝင်းက နေကြာသီးနှံ မျိုးမွေးမြူထုတ်လုပ်နည်း၊ မျိုးစေ့အဆင့်ဆင့် ပွားများနည်းနှင့် မျိုးသန့်စနစ်တကျထိန်းသိမ်းနည်း၊ နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်နည်းနှင့် မျိုးသန့်စနစ်တကျထိန်းသိမ်းနည်းများ၊ တောင်သူစိုက်ခင်းတွင် သဘာဝဝတ်မှုန်ကူးမျိုးနေကြာမျိုးသန့် ရွေးချယ်ထိန်းသိမ်းခြင်းနှင့် မျိုးစေ့ဌာနစိတ်(ရုံးချုပ်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြိုင်က နေကြာသီးနှံပန်းတိုင်အထွက်နှုန်းရရှိရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ အောင်စေ့ရာခိုင်နှုန်းများစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများအကြောင်း သင်ကြားခဲ့ကြသည်။

အဆိုပါသင်တန်းသို့ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်း ၄၃ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ဝင်းမိုလ် (ပြန်/ဆက်)**

✦ **စာမျက်နှာ ၆ မှ**

ရှုပ်ရှုပ်ချုံချုံ စွန့်စားသူတွေ၊ တီထွင်သူတွေ၊ စံနမူနာပြုလောက်အောင် အများအကျိုးဆောင်ခဲ့သူတွေ၊ မေတ္တာ၊ ကရုဏာ၊ စေတနာအရင်းခံပြီး လူသားထုကို အကျိုးပြုခဲ့သူတွေအကြောင်း ထုပ္ပတ်များကို ကလောင်ရှင်အသီးသီးထံကနေ စုစည်းပြီး ၁၉၈၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနှစ်ကို ကြိုဆိုတဲ့အနေနဲ့ စီစဉ်ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ ထိုခေတ်က လူငယ်တွေအတွက်သာမက လက်ရှိမျိုးဆက်သစ်တို့အတွက်လည်း အသုံးဝင်မယ့် စာကောင်းပေမွန်တစ်အုပ်လို့ ဆိုရမှာဖြစ်ပါတယ်။

## ထိုင်ဝမ်သားများပြောတဲ့ ရှီကျင့်ဖိန်

မန်းဖိုးအေး(ဝါးခယ်မ)ရေးသားတဲ့ "ထိုင်ဝမ်သားများပြောတဲ့ ရှီကျင့်ဖိန်" စာအုပ်ကလည်း လူငယ်တွေအတွက်သာမက မိဘတွေအတွက်ပါ လေ့လာအတုယူစရာကောင်းပါတယ်။ လက်ရှိတရုတ်နိုင်ငံရဲ့ ပဉ္စမမြောက်ခေါင်းဆောင်ဖြစ်တဲ့ သမ္မတ ရှီဟာ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင်၊ အစိုးရအဖွဲ့မှာ ဒုတိယဝန်ကြီးချုပ်အဆင့်ရှိတဲ့ ဖခင် ရှီကျုန်းရွှန်ရဲ့ **"အမြီးကုပ်ပြီး လူလုပ်ပါ"**ဆိုတဲ့ ဆုံးမသွန်သင်မှုအောက်မှာ နှိမ့်ချရိုကျိုးစွာ နေထိုင်ရင်း လေ့လာသင်ယူခဲ့သူတစ်ဦးဖြစ်ပါတယ်။

ယဉ်ကျေးမှုတော်လှန်ရေးမဖြစ်ခင်နဲ့ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်းမှာ ရှီရဲ့အဖေ ရှီကျုန်းရွှန်ဟာ အိမ်နိမ့်စံဘဝကို လျှောကျသွားခဲ့သလို ရှီကိုယ်တိုင်လည်း ထိုစဉ်က ဥက္ကဋ္ဌကြီး မော်ရဲ့ တောင်ပေါ်ကိုတက်၊ ကျေးလက်ဆီဆင်းဆိုတဲ့ လှုံ့ဆော်ညွှန်ကြားမှုအရ အခြားပညာတတ်လူငယ်တွေနည်းတူ ကျေးလက်တောရွာဆီ ဆင်းချသွားခဲ့ရပါတယ်။

ရှီရဲ့ ၇ နှစ်တာ တောင်ပေါ်ကိုတက် ကျေးလက်ဆီဆင်း သမိုင်းဖြတ်သန်းမှုဟာ တကယ်တော့ ရှီအတွက် ဆင်းရဲကျပ်တည်း ခါးသီးမှုတွေလို့ ပြောနိုင်သလို သမိုင်းလေ့ကျင့်မှုတစ်ခုလို့လည်း ပြောနိုင်ပါတယ်။

ရှီကိုယ်တိုင်ကလည်း "**၇ နှစ်တာ တောင်ပေါ်ကိုတက် ကျေးလက်ကိုဆင်းတဲ့ ဆင်းရဲဒုက္ခဘဝက ကျွန်တော့်ကို အင်မတန်ကြီးမားတဲ့ လေ့ကျင့်ခန်းတစ်ရပ်ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်း ဘယ်လောက်အခက်အခဲတွေ ရင်ဆိုင်ကြုံတွေ့ခဲ့ရပေမယ့်လည်း အဲဒီအချိန်ကာလကို ပြန်တွေးပြီး အခု ဘာကြောင့် မလုပ်နိုင်ရမှာလဲဆိုတဲ့ စိန်ခေါ်နိုင်ရဲတဲ့သတ္တိတွေ ရှိလာတယ်**"လို့ ပြောခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ "**ကျွန်တော် ၁၅ နှစ်သားမှာ မြေဝါမြေရောက်တဲ့အခါတုန်းက ဝေခွဲမရ၊ ယောင်တိယောင်ချာဖြစ်ခဲ့ပါတယ်။ အသက် ၂၂ နှစ်မှာ မြေဝါမြေကိုခွဲခွာတဲ့အခါကျတော့ ကျွန်တော့်မှာ ခိုင်မာတဲ့ ဘဝရည်မှန်းချက်ပန်းတိုင်က ရှိနေပါပြီ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း အပြည့်အဝရှိလာတယ်။ ပြည်သူရဲ့ ကျေးကျွန်တစ်ယောက်ဖြစ်သူအဖို့ စန်ပေကုန်းမြင့်က ကျွန်တော့်ရဲ့ အမြစ်တွယ်ရာ ဒေသဖြစ်ပါတယ်။ ဘာကြောင့်ဆိုဟောဒီနေရာက ပျောက်ပျက်ပြောင်းလဲမှုမရှိတဲ့ ယုံကြည်စိတ်ချမှုကို မွေးမြူပေးလိုက်တာကြောင့်ပါ။ ပြည်သူလူထုအတွက် လက်တွေ့ကျကျလုပ်ဆောင်ကြရပါမယ်**" လို့ ဆိုပါတယ်။

အနာဂတ် နိုင်ငံတော်ရဲ့တာဝန်တွေကို ပခုံးပြောင်း ထမ်းရွက်ကြမယ့် မြန်မာလူငယ်တွေအနေနဲ့လည်း နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ဆိုရင် ငယ်စဉ်လူငယ်ဘဝကတည်းက လူချွန်လူမွန်တွေဖြစ်အောင် ကိုယ့်ထူးကိုယ်ချွန် ကိုယ်တိုင်ကိုယ်ကျ ပြုစုပျိုးထောင်ရမယ့် တာဝန်ရှိကြောင်း နှိုးဆော်တိုက်တွန်းစကားဆိုပါရစေ။ ။

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း CGTN ရုပ်သံဌာနမှ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြား

၁၅-၈-၂၀၂၃ ရက်နေ့မှ ၁၈-၈-၂၀၂၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ် - တောင်အာရှပြပွဲ၊ (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲ၊ ၂၀၂၃ ခုနှစ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစကြံ့ အုပ်ချုပ်သူများဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ကူမင်းမြို့၌ ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ခရီးစဉ်အတွင်း ၁၈-၈-၂၀၂၃ ရက်နေ့ ညနေပိုင်းက China Global Television Net (CGTN)နှင့် တွေ့ဆုံ၍ မေးမြန်းမှုများကို ဖြေကြားခဲ့ပါသည်။

အဆိုပါ တွေ့ဆုံမေးမြန်းမှုများကို CGTN တွင်လည်းကောင်း၊ ၂၄-၈-၂၀၂၃ ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားက လည်းကောင်း ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ တွေ့ဆုံမေးမြန်းမှုအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မေး။ ။** Belt and Road အဆိုပြုချက်ကို အများသိရှိအောင် ဆောင်ရွက်ရာမှာ မီဒီယာပူးပေါင်းဆောင်ရွက်မှုက အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ တချို့ အနောက်တိုင်းနိုင်ငံက Belt and Road ကို နာမည်ဖျက်ခြင်းနဲ့ တရုတ်နိုင်ငံပုံရိပ်ကို နာမည်ပျက်အောင် လုပ်တာကြောင့် တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူတွေကြား အထင်လွဲမှုအများအပြား ဖြစ်စေခဲ့ပါတယ်။ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကို အတူတကွ မြှင့်တင်ဖို့ မြန်မာပြည်သူတွေက Belt and Road အဆိုပြုချက်အပေါ် နားလည်သိရှိမှုကို ဘယ်လိုတိုးမြှင့်နိုင်မယ်လို့ ထင်ပါသလဲ။ မီဒီယာက ဒေသတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ စည်ပင်ဝပြောမှု ထိန်းသိမ်းရေးအတွက် ပိုအကျိုးရှိတဲ့ လူထုသဘောထားပတ်ဝန်းကျင် ဖန်တီးရာမှာ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်နိုင်မယ်လို့ ယူဆပါသလဲ။

**ဖြေ။ ။** Belt and Road ဆိုတာကတော့ အဓိကကတော့ ယဉ်ကျေးမှုနဲ့ ပြည်သူတွေရဲ့ အပြန်အလှန်ဆက်ဆံမှု၊ ယဉ်ကျေးမှုတွေနဲ့ နက်ရှိုင်းကျယ်ဝန်းတဲ့ ကဏ္ဍကြီးပါပဲ။ အဲဒီတော့ ဒါကိုအကျိုးရှိအောင် အသုံးချမယ်ဆိုရင် အားလုံးအတွက် ကောင်းမွန်တဲ့ လုပ်ငန်းစဉ်ကြီးတစ်ခုပါ။ ကျွန်တော့်အနေနဲ့ ကမ္ဘာ့ကုလသမဂ္ဂကို ရောက်သွားတဲ့အခါမှာ အသားရောင်မခွဲခြားဘဲနဲ့ ကမ္ဘာကြီးဟာ ရွာကြီးလိုပဲ တကယ့် လူသားတွေအားလုံးဟာ ကမ္ဘာကြီးပေါ်မှာ ရပ်တည်တယ်ဆိုတဲ့ အနေအထားကိုတွေ့ခဲ့ရပါတယ်။ တစ်နိုင်ငံချင်း တစ်နိုင်ငံချင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကမ္ဘာကြီးဟာ၊ လူသားတွေနေထိုင်တဲ့ ကမ္ဘာကြီးဟာ ပိုမိုပြီးတော့မှ တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ အခန်းကဏ္ဍတစ်ခုဖြစ်မယ်လို့ ယုံကြည်ပါတယ်။

အဲဒီတော့ Belt and Road နဲ့ ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ စိတ်ဝင်စားပါတယ်၊ ပူးပေါင်းပါဝင်ဖို့လည်း ဆန္ဒရှိပါတယ်။ နေ့ခင်းက ကူမင်းမြို့ထဲကို လေ့လာရေးခရီးစဉ်ထွက်တဲ့အခါ ကမ္ဘာပေါ်မှာ တတိယအကြီးဆုံးလို့ပြောတဲ့ ဈေးကြီး၊ အဲဒီဈေးကြီးကို ရောက်ခဲ့သလို ပန်းတွေကို ဖြန့်ချိတဲ့ နေရာကိုလည်း ရောက်ခဲ့ပါတယ်။ ဒါတွေဟာ အိမ်နီးနားချင်းနိုင်ငံတွေ၊ နောက် ကမ္ဘာကြီးကိုပါ ပျံ့သွားမယ်ဆိုတော့ ဒါတကယ့်ကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုပါ။ ဒီလိုပါပဲ မြန်မာနိုင်ငံရဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်ပနိုင်ငံတွေထံ ပို့ဆောင်ခြင်းအားဖြင့်၊ ဒီကပစ္စည်းတွေကိုလည်း ကျွန်တော်တို့နိုင်ငံကို ပို့ဆောင်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူတွေဟာ စားဝတ်နေရေးတွေ ပြေလည်လာမယ်၊ အဆင့်အတန်းတွေ မြင့်လာမယ်လို့ ယုံကြည်ပါတယ်။

ယနေ့နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့လည်း အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလုပ်ငန်းတွေကို အထူးအလေးထား ဆောင်ရွက်နေပါတယ်။ ပြည်တွင်းမှာတင် ဖူလုံဖို့နဲ့ ပိုလျှံရင် ပြည်ပကို ပို့မှာပါ။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ အမျိုးသားရေးရည်မှန်းချက် နှစ်ခုထားပါတယ်။ အဲဒါက တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးဆိုတာကို အဓိကထားပါတယ်။ တိုင်းပြည်သာယာဝပြောရေးဆိုတဲ့ အခန်းကဏ္ဍက အများကြီး ကျယ်ပြန့်ပါတယ်။ နှစ်နိုင်ငံမှာရှိတဲ့ ပြည်သူပြည်သားတွေအားလုံးဟာ စားဝတ်နေရေးမှာ အစားအသောက်ရော၊ အဝတ်အစားရော၊ အနေအထိုင်ရော၊ သွားရေးလာရေးရော တိုင်းပြည်သာယာဝပြောတယ်ဆိုတာတော့ ကဏ္ဍကကြီးကျယ်ပါတယ်။ ဒါတွေက ဗိုလ်ချုပ်မှူးကြီးရဲ့ အမျိုးသားရေးရည်မှန်းချက်၊ ပထမရည်မှန်းချက်တစ်ခုပေါ့။ ဒီရည်မှန်းချက်ကို ဆောင်ရွက်တဲ့အခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စီးပွားရေးကောင်းမွန်ဖို့လိုတယ်။ ပြီးရင် တည်ငြိမ်ဖို့လိုတယ်။ ဒီ Belt and Road အစီအစဉ်ကြီးက မှန်မှန်ကန်ကန်သုံးသပ်မယ်ဆိုရင် နှစ်နိုင်ငံချစ်ကြည်ရေးရော၊ နောက်တစ်ခါ ကမ္ဘာကြီးအတွက်ရော ထိရောက်မှုရှိတဲ့ အခန်းကဏ္ဍကြီး တစ်ခုပါ။ ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း အကျိုးရှိမယ်။ နောက် တရုတ်နိုင်ငံအနေနဲ့လည်း အကျိုးရှိမယ်။ နှစ်နိုင်ငံအစိုးရချင်းလည်း အကျိုးရှိမယ်။ နှစ်နိုင်ငံပြည်သူတွေလည်း အကျိုးရှိမယ်ဆိုတော့ Belt and Road အစီအစဉ်က ကောင်းမွန်တဲ့အစီအစဉ် များပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့တော့ ဒီကဏ္ဍမှာလည်း ပါဝင်ပူးပေါင်းဖို့ ဆန္ဒရှိပါတယ်၊ ဒါကိုလည်း အထူးပဲ စိတ်ဝင်စားတယ်လို့ ပြောပါရစေ။

**မေး။ ။** အခုနှစ်မှာ သမ္မတရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ လူမှုယဉ်ကျေးမှုအစီအမံ အဆိုပြုခဲ့ပြီးတော့၊ မတူညီတဲ့ လူမှုယဉ်ကျေးမှုတွေ အပြန်အလှန်လက်ခံပြီးတော့ အတူယှဉ်တွဲတည်ရှိခြင်းနဲ့ ကူးလူးဖလှယ်အပြန်အလှန်အတုယူခြင်းက လူနေမှုအဖွဲ့အစည်း ခေတ်မီမှုဖြစ်စဉ် စည်ပင်ဝပြောတဲ့ ကမ္ဘာ့လူမှုယဉ်ကျေးမှုဥယျာဉ်ကြီး ဖော်ဆောင်ရာမှာ အစားထိုးမရတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတဲ့အကြောင်း အလေးထားပြောကြားခဲ့ပါတယ်။ ဒီအစီအမံကိုရော ဝန်ကြီးအနေနဲ့ ဘယ်လိုနားလည်ပါသလဲရှင့်။ မီဒီယာက နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဖလှယ်မှု မြှင့်တင်ရေးမှာလည်း ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်နိုင်ပါမလဲ၊ မီဒီယာကို နှစ်နိုင်ငံပြည်သူတွေ အပြန်အလှန်နားလည်သိရှိရင်းနှီးစေတဲ့ ပေါင်းကူးတံတားဖြစ်လာအောင် ဘယ်လိုဆောင်ရွက်နိုင်မယ်လို့ ယူဆပါသလဲ။

**ဖြေ။ ။** တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံက နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့တဲ့ အိမ်နီးချင်းနိုင်ငံတွေ ဖြစ်ပါတယ်။ အခုဆိုရင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးအဆင့်ကို ရောက်ပြီးတော့မှ ထဲထဲဝင်ဝင် နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း တိုးမြှင့်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ "အမျိုးသားကဇာတ်ရုံ"ဆိုရင်လည်း တရုတ်နိုင်ငံက ဆောင်ရွက်ပေးထားတာ ဖြစ်ပါတယ်။ နောက်တစ်ခါ "သုဝဏ္ဏ"အားကစားကွင်းကိုလည်း တရုတ်နိုင်ငံကပဲ စီမံဆောင်ရွက်ပေးထားတာ ဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တချို့စီမံကိန်း တော်တော်များများကိုလည်း တရုတ်နိုင်ငံရဲ့ အကူအညီနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းလျက်ရှိပါတယ်။

Art Center(အနုပညာ ဗဟိုဌာန)၊ နောက်ပြီးတော့ "ဝဇီရာရုပ်ရှင်ရုံ"ပေါ့။ ဒါကို နိုင်ငံတော်အနေနဲ့ "National Red Carpet Theatre" အဖြစ် သတ်မှတ်ပြီး တရုတ်နိုင်ငံရဲ့ အထောက်အပံ့နဲ့ ပြုပြင်ဖို့ စီမံလျက်ရှိပါတယ်။ "ဖလင်ပိဋကတ်တိုက်"လည်း ပါဝင်ပါတယ်။ ယဉ်ကျေးမှုနဲ့ နှစ်နိုင်ငံအပြန်အလှန်ချစ်ကြည်ရေးအတွက် ဒါတွေကို ကမ်းလှမ်းထားတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ နှစ်နိုင်ငံပြည်သူတွေဟာ အိမ်နီးနားချင်းလည်း ဖြစ်တဲ့အတွက် ... ဘာပဲပြောပြော နှစ်နိုင်ငံပြည်သူတွေ အမြင်တွေ ရှင်းကြမယ်ဆိုရင် အစိုးရချင်းလည်း အမြင်ရှင်းမယ်၊ ပြီးရင် အိမ်နီးနားချင်းဖြစ်တဲ့အတွက် "အိမ်သာမှ ဧည့်လာမှာပေါ့"။ ကိုယ့်ဘေးနားက အိမ်နီးနားချင်းက အားနည်းမှုရှိတယ်ဆိုရင် အားသာတဲ့ အိမ်နီးနားချင်းနိုင်ငံကြီးက ကူညီရမှာပေါ့။ ဒီလိုပါပဲ တစ်ဖက်ကနိုင်ငံကြီးမှာ ပြဿနာဖြစ်တယ်ဆိုရင်လည်း ကျွန်တော်တို့နိုင်ငံက အိမ်နီးနားချင်းတွေလို ကူညီရမှာပေါ့။

သမ္မတကြီး ရှီကျင့်ဖျင်ရဲ့ ပေါင်းစည်းရေးလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့အနေနဲ့ အထူးပဲ အလေးအနက်ထားပါတယ်။ ကျွန်တော်တို့နိုင်ငံကို အတတ်နိုင်ဆုံး တည်ငြိမ်မှုရှိအောင်လည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ အထူးပဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ နေ့မအား၊ ညမနား ဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့် ကာလတွေမှာတော့ သမ္မတကြီးရှီကျင့်ဖျင် မျှော်မှန်းတဲ့ နှစ်နိုင်ငံချစ်ကြည်ရေးတွေ၊ အပြန်အလှန်ယဉ်ကျေးမှုဖလှယ်တာတွေ အဲဒါအပြင် အခုဆိုရင် ကျွန်တော်တို့ ကူမင်းမှာ ကျင်းပတဲ့ ကုန်စည်ပြပွဲကြီးကို ပြည်ထောင်စုဝန်ကြီး သုံးဦးကို စေလွှတ်ပြီးတော့မှ တက်ရောက်စေတာဟာ ဒါက ဘာကိုဖော်ပြသလဲဆိုရင် တရုတ်နိုင်ငံအပေါ်မှာ မြန်မာနိုင်ငံရဲ့ အလေးထားမှုကို ဖော်ပြတဲ့သဘောပါပဲ။

ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး သုံးဦးဟာ စီးပွားရေးကဏ္ဍတွေ၊ လူမှုရေးကဏ္ဍတွေ၊ ပြီးရင် … အခုမီဒီယာကဏ္ဍ မြှင့်တင်ဖို့၊ ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံတော်ဝန်ကြီးချုပ်က စေလွှတ်လိုက်တာ ဖြစ်ပါတယ်။ လာမယ့်ကာလတွေမှာ နှစ်နိုင်ငံချစ်ကြည်ရေးက ပိုပြီးတော့ အရှိန်မြှင့်ပါမယ်။ မြှင့်တင်တဲ့အခါ မီဒီယာကဏ္ဍအနေနဲ့လည်း ပါဝင်မှာ ဖြစ်ပါတယ်။ မီဒီယာဆိုတာတော့ အင်မတန်ကျယ်ပြန့်ပါတယ်။ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် အိမ်နီးနားချင်း နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ပြီး နှစ်နိုင်ငံလုံး တည်ငြိမ်တိုးတက်တဲ့ အနာဂတ်ကို မလွဲမသွေရောက်မယ်လို့ ယုံကြည်ပါတယ်။

စာမျက်နှာ ၉ သို့ »»



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း China Global Television Net (CGTN)မှ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်ရုပ်မြင်သံကြားပြတိုက်သို့ သွားရောက်လေ့လာစဉ်။

»»» စာမျက်နှာ ၈ မှ

**မေး။ ။ တရုတ်-မြန်မာ နှစ်နိုင်ငံမီဒီယာက Belt and Road၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုစတဲ့ ယန္တရားတွေအောက်မှာ ဘယ်လိုရလဒ်တွေ ရရှိခဲ့ပါသလဲ။ ဆက်သွယ်ရေးနည်းပညာအမျိုးအစားတွေစုံလင်လာတာနဲ့အမျှ မီဒီယာကလည်း Digital အဖြစ် ပြောင်းလဲလာပါတယ်။ နှစ်နိုင်ငံမီဒီယာဆန်းသစ်တီထွင် ပူးပေါင်းဆောင်ရွက်တဲ့အနာဂတ်အလားအလာက ဘယ်လိုဖြစ်နိုင်ပါသလဲ။ နှစ်နိုင်ငံ မီဒီယာပူးပေါင်းဆောင်ရွက်မှုအပေါ် ဝန်ကြီးအနေဖြင့် ဘယ်လိုမျှော်လင့်ချက်တွေရှိပါသလဲ။**

**ဖြေ။ ။** အခုခေတ်အခါမှာ မီဒီယာက ကမ္ဘာကြီးကို လွှမ်းခြုံထားတယ်လို့ ပြောလို့ရပါတယ်။ ကမ္ဘာကြီးက ရွာကြီးဖြစ်လာနေပြီ။ ယနေ့ ဘယ်နေရာမှာ ဘာဖြစ်တယ်ဆိုတာကို ကမ္ဘာပေါ်မှာ နေထိုင်တဲ့လူသားတိုင်းက ချက်ချင်းသိနေနိုင်တယ်။ မီဒီယာက အလွန်မြန်တယ်။ ဟိုးအရင်တုန်းကဆိုရင်တော့ ဒီလိုစနစ်တွေ မရှိသေးတဲ့အခါကျတော့ ကိုယ့်နိုင်ငံထဲမှာကို မနီးမဝေးမှာ ဘာဖြစ်တယ်ဆိုတာ မသိရဘူး။ အခုကျတော့ ဟိုး ... ကမ္ဘာအစွန်းဆုံးမှာရှိတဲ့ နိုင်ငံတွေ အခုဖြစ်တဲ့ ဒီ Current Situation ပေါ့။ လက်ရှိ အနေထားကိုတောင်မှ အချိန်နဲ့တစ်ပြေးညီ သိရတယ်။ ဒီအွန်လိုင်းခေတ်၊ အင်တာနက်ခေတ်ကြီးက အတော်ကျယ်ပြန့်တယ်။ မီဒီယာဟာ ဒီလိုကျယ်ပြန့်တဲ့အခါမှာ အလွန်ကို အရေးကြီးတဲ့ကဏ္ဍကို ရောက်လာပြီ။

မြန်မာနိုင်ငံကိုပဲ ပြန်ကြည့်မယ်ဆိုရင် ဒီနေ့ မီဒီယာကြီးတွေရဲ့ လွှမ်းမိုးမှုက တော်တော်လေးကို ထဲထဲဝင်ဝင်နဲ့ နိုင်ငံရဲ့အခြေအနေကို၊ တိုးတက်မှုကို နှောင့်နှေးအောင် လုပ်တာတွေလည်း တွေ့ရတယ်။ ဆိုလိုတဲ့ သဘောကတော့ သတင်းတု၊ သတင်းမှားတွေကြောင့်ပါ။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ သတင်းအမှန်တွေကို အိမ်နီးချင်းနိုင်ငံတွေရော ကမ္ဘာ့နိုင်ငံတွေအားလုံးကို မသိရအောင်လို့ နည်းပညာနဲ့ဖြစ်စေ၊ တခြားနိုင်ငံရေးနည်းလမ်းတွေနဲ့ ဖုံးလွှမ်းပြီးတော့ မဟုတ်တဲ့သတင်းတု၊ သတင်းမှားတွေကိုပဲ ကမ္ဘာ့နိုင်ငံအသီးသီးကို ရောက်အောင်လို့ တချို့သောနိုင်ငံကြီးတွေက စီမံဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီတော့ ဝမ်းနည်းဖွယ်ရာလို့ပဲ ပြောရမှာပါ။

အမှန်တကယ်ပကတိမြန်မာနိုင်ငံရဲ့ အနေအထားကို ပြည်ပနိုင်ငံတွေက မသိတဲ့အခါ အထင်အမြင်လွဲမှားမှုတွေ၊ နားလည်မှုတွေ၊ ယုံကြည်မှုတွေ လျော့ပါးတဲ့အခါမှာ နှစ်နိုင်ငံဆက်ဆံရေးတွေ၊ ချစ်ကြည်ရေးတွေကလည်း တကယ့်ကို လျော့ပါးစေတာကို တွေ့ရတယ်။ ဒါကြောင့် ယနေ့မီဒီယာဟာ အရေးကြီးတဲ့အခန်းကဏ္ဍကို ရောက်လာပြီ။ ကျွန်တော်တို့ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ဆိုရင် အတတ်နိုင်ဆုံး သတင်းအမှန်တွေ၊ သတင်းတု၊ သတင်းမှားတွေကို ချေဖျက်ပြီးတော့ သတင်းအမှန်တွေကို ပြည်သူတွေသိအောင် နိုင်ငံအတွင်းမှာတော့ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နေနိုင်ပြီဖြစ်ပါတယ်။ သို့သော်လည်း ပြည်ပနိုင်ငံအသီးသီးကို ရောက်ရှိဖို့ လိုနေသေးတယ်။

ဒါကြောင့် ယနေ့ ဒီတရုတ်နိုင်ငံရဲ့ကူမင်းမြို့ကို ရောက်တဲ့အခါမှာတော့ ဒီမှာရှိတဲ့ YMG အဖွဲ့နဲ့လည်း အခုပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီတဲ့ အနေအထားရှိပါတယ်။ MoU ကတော့ အဆင့်ဆင့်သွားရမှာပေါ့။ အခု ဆွေးနွေးထားပြီး ဖြစ်ပါတယ်။ အပြန်အလှန် သတင်းတွေဖလှယ်ဖို့ စီစဉ်ထားပါတယ်။ နောက်တခါ CMG ပေါ့နော်။ CMG နဲ့ လည်း MoU ထိုးဖို့ အဆင့် စီမံဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ နောက် ယူနန်မှာရှိတဲ့ Yunan TV နဲ့လည်း ထဲထဲဝင်ဝင် နှစ်ဦးသဘောတူ တွေ့ဆုံပြီးရင် နံပါတ်(၁) ကတော့ သတင်းဖလှယ်မယ်။ နံပါတ်(၂) ကတော့ အပြန်အလှန်သွားလာ၊ အပြန်အလှန်လေ့လာကြမယ်။ ကျွန်တော်တို့နိုင်ငံရဲ့ မီဒီယာအနေအထားကိုလည်း ဒီဘက်က လေ့လာပြီးရင် လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးနိုင်အောင် ဖြစ်ပါတယ်။ ပြီးတော့"Entertainment"အပိုင်း၊ "Entertainment" ဆိုတော့ ယဉ်ကျေးမှုနဲ့ ဆိုင်သွားတယ်။ ကူမင်းမှာရှိတဲ့ တရုတ်နိုင်ငံသူ နိုင်ငံသားများရဲ့ ယဉ်ကျေးမှုတွေ ဓလေ့၊ အလေ့အထတွေ၊ နောက်ဇာတ်လမ်းတိုတွေ၊ ဇာတ်လမ်းတွဲတွေကို ကျွန်တော်တို့ ပြည်သူတွေကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ တရုတ်နိုင်ငံသူ နိုင်ငံသားတွေရဲ့ သဘောသဘာဝတွေကို ခံစားရတယ်။ ဒီလိုပဲ မြန်မာနိုင်ငံက ရိုက်တဲ့ ဇာတ်လမ်းတွဲတွေ၊ မြန်မာ့ယဉ်ကျေးမှုတွေကို ဒီဘက်ကို အပြန်အလှန်ပို့ပေးခြင်းအားဖြင့်လည်း တရုတ်နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ မြန်မာလူမျိုးတွေရဲ့ ဓလေ့စရိုက်ကို သိရပါမယ်။ လူဆိုတာက ပုဂ္ဂိုလ်မင်မှ လုပ်ငန်းတွေက ပိုပြီးတိုးတက်အောင်မြင်ပါတယ်။ အဲဒီတော့ လူပုဂ္ဂိုလ်ဆိုတာ နှစ်နိုင်ငံ ပြည်သူအချင်းချင်း အပြန် အလှန်နားလည်မှုရှိကြမယ်ဆိုရင် ဘာပဲပြောပြော ယဉ်ကျေးမှုတွေ တိုးလာတာနဲ့အမျှ နှစ်နိုင်ငံအစိုးရအချင်းချင်း ဆက်ဆံမှုတွေကလည်း ပိုပိုပြီးတော့ ချစ်ကြည်ရင်းနှီးမှုတွေက နီးကပ်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့တော့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ အကူအညီနဲ့ ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ သတင်းအမှန်တွေကို ကမ္ဘာကြီးသိအောင်၊ ကျွန်တော်တို့က သတင်းတုတွေ၊ သတင်းအမှားတွေကို မပေးပါဘူး။ တကယ့်ကို ပကတိဖြစ်ရပ်မှန် သတင်းအမှန်တွေ၊ နိုင်ငံတော်အစိုးရက စိစစ်ထားပြီးသား သတင်းအမှန်တွေကို တရုတ်မီဒီယာတွေကနေ ကမ္ဘာကြီးကို ဖြန့်ကြက်ခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ ပကတိ အခြေအနေမှန်တွေကို ကမ္ဘာက ပိုမိုသိရှိပြီးမှ အနာဂတ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်မှု၊ တိုးတက်မှုတွေကို အနေးနဲ့အမြန် ရောက်လာမယ်လို့ ယုံကြည်ပါတယ်။

ဒီကူမင်းမြို့ကို ရောက်လာခြင်းဟာ ကျွန်တော့်အတွက် အထူးပဲ ရင်ထဲမှာကျေနပ်ပီတိ ဖြစ်မိပါတယ်။ ယနေ့ မီဒီယာကဏ္ဍဆက်ဆံမှုဟာ တကယ့်ကို အရှိန်မြှင့်တဲ့ အနေအထားကိုလည်း တွေ့ရတယ်။ အပြန်အလှန် ယုံကြည်မှုတွေ၊ နားလည်မှုတွေလည်းရှိနေတဲ့အခါ ကျွန်တော် ဒီကပြန်သွားပြီးရင် နောက်ပိုင်းမှာ ဒီထက်ပိုမိုပြီးတော့မှ နီးစပ်တဲ့၊ နီးကပ်တဲ့ မီဒီယာဆက်ဆံရေးနဲ့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံ အပါအဝင် ဒေသကြီးတစ်ခုလုံးရောက်ဖို့ မီဒီယာနည်းလမ်းနဲ့ တတ်နိုင်သရွေ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။

**အခုလိုဖြေကြားပေးတဲ့အတွက် ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးအများကြီး တင်ပါတယ်။**

---

# လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း ရေးဆွဲပြုစုရေးဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း(Standard Operating Procedure – SOP)ရေးဆွဲပြုစုရေးဦးစီးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။





## ပြဋ္ဌာန်းထားရှိ

ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်က နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် လယ်ယာမြေများ မလျော့ပါးစေရေးအတွက် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအပါအဝင် ခေတ်အဆက်ဆက် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လယ်ယာမြေဥပဒေ စည်းကမ်းချက်များတွင် **"လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ" "လယ်ယာမြေကို ရာသီသီးနှံ အမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရ"**ဆိုသည့် အချက်များကို အတိအလင်း ပြဋ္ဌာန်းထားရှိကြောင်း၊ ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်ရန်လိုအပ်လာမှုနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း ရေးဆွဲပြုစုရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်း စံနှုန်း(Standard Operating Procedure –SOP) ရေးဆွဲပြုစုရာတွင် ပြီးပြည့်စုံမှုအနေအထားရရှိနိုင်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ငန်းကော်မတီများအနေဖြင့် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များနှင့်အညီ လက်ရှိမြေပြင်တွင် ဖြစ်ပေါ်နေသော ဥပဒေမဲ့ ကျူးလွန်လုပ်ဆောင်မှုများကို စနစ်တကျ လေ့လာဆန်းစစ်ပြီး ပြည်သူလူထု နစ်နာမှုမရှိစေရေး ဖော်ထုတ်အကြံပြုရန်နှင့် ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းကျောင်းပေါင်းစပ်ကာ ဦးစီးကော်မတီသို့ တင်ပြပေးရန်၊ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအချိန် လျာထားချက်ဘောင်အတွင်း ပြီးစီးအောင်လုပ်ဆောင်နိုင်ရေး ကြိုးပမ်းကြရန် ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေမတိုင်မီကာလက ကျူးလွန်မှုကိစ္စရပ်များ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ကျင့်သုံးသည့် နောက်ပိုင်းကာလ ကျူးလွန်မှုကိစ္စရပ်များ၊ နောက်နောင် မဖြစ်ပွားစေရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် ဦးစီးကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

တည်ဆဲ လယ်ယာမြေဥပဒေနှင့် လယ်ယာမြေနည်းဥပဒေများကို ဖျက်ကွယ်ပြုပြီး လယ်မြေများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ မြို့မြေ၊ ရွာမြေကဲ့သို့ အခိုင်အမာ နေအိမ်ဆောက်လုပ်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စက်ရုံအလုပ်ရုံများ ဆောက်လုပ်ခြင်း စသည့် ဥပဒေမဲ့ လုပ်ဆောင်နေမှုများကို ဖြေရှင်းရန် နည်းလမ်းများနှင့် ထပ်မံမဖြစ်ပွားစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၃ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၄၇/၂၀၂၃ ထုတ်ပြန်၍ "လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure– SOP)ရေးဆွဲပြုစုရေးဦးစီးကော်မတီ"ကိုလည်းကောင်း၊ အဖွဲ့ဝင် ၁၇ ဦးပါရှိသည့် ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီနှင့် အဖွဲ့ဝင် ၁၈ ဦးပါ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ငန်းကော်မတီကိုလည်းကောင်း ဖွဲ့စည်းထားကြောင်း၊ ဦးစီးကော်မတီအနေဖြင့် စိုက်ပျိုးမြေများ မလျော့ပါးစေရေးနှင့် တိုးပွားလာသော ပြည်သူလူထုအတွက် နေထိုင်နိုင်ရန် မြေနေရာလုံလောက်ရေး၊ တိုးတက်ဖွံ့ဖြိုးလာသော စက်ရုံအလုပ်ရုံများအတွက် မြေနေရာ အသုံးပြုနိုင်ရေးတို့ကို အခြေခံ၍ အဆိုပါလိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်မည့် (Standard Operating Procedure– SOP)ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မြောက်ဈေးပါးသစ်တောတည်ထောင်သူများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အတိုးငွေများ ထုတ်ပေး

ညောင်ရွှေ ဩဂုတ် ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မြောက်ဈေးပါးသစ်တော တည်ထောင်သူများ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ညောင်ရွှေမြို့ စေတနာမွန်မူကြိုကျောင်းခန်းမ၌ ကျင်းပခဲ့ပြီး အသင်းဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

## ဖတ်ကြားရှင်းလင်း

ဆက်လက်၍ အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး တာဝန်ရှိသူများက အသင်းသူ အသင်းသားများအား စုဆောင်းငွေပေါ် အတိုးငွေကျပ် ၃၂၀၃၀၉၀၊ အစုပေါ် အမြတ်ငွေကျပ် ၃၇၅၅၆၈၉ ဒသမ ၇၄ နှင့် အသင်းသားထောက်ပံ့ငွေကျပ် ၃၁၂၀၀၀၀ တို့ကို ထုတ်ပေးခဲ့သည်။

အဆိုပါ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသားအသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







○ ရှေ့ဖုံးမှ

အဖိတ်နေ့နှင့် ဥပုသ်နေ့ဖြစ်သော ဩဂုတ် ၂၃ ရက်နှင့် ယနေ့တို့တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓ ဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီ အဆူ ၇၂၀ တို့ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

**ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ**

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် ဘိုးဘွားများအား အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင် ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက် အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**





# မြန်မာထွက်ကုန် ဆီးသီးမှထွက်ရှိသော ဆီးဆန်များ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ဈေးနှုန်းများမြင့်တက်

**မန္တလေး ဩဂုတ် ၂၄**

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်အတွင်း၌ မြန်မာထွက်ကုန် ဆီးသီးမှထွက်ရှိသော ဆီးဆန်များ တရုတ်နိုင်ငံ၏ ဝယ်လိုအားကောင်းမွန်နေခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်နေကြောင်း မန္တလေးမြို့ရှိ ကုန်သည်များထံမှ သိရသည်။

**ဈေးကောင်းရရှိ**

အဆိုပါ မြန်မာထွက်ကုန် ဆီးသီးများမှာ ဆီးချိုသီး၊ ဆီးချဉ်သီးနှင့် ထိုင်ဝမ်ဆီးသီးဟူ၍ သုံးမျိုးရှိကြောင်း၊ ယင်းဆီးဆန်များကို ဆီးချဉ်သီးမှသာ ကြိတ်ခွဲပြီးထုတ်လုပ်ရရှိကြောင်း၊ ထိုဆီးဆန်များသည် ပေါ်ဦးပေါ်ဖျား မတ်လအတွင်းက တစ်ပိဿာလျှင်ငွေကျပ် ၂၄၀၀၀ ဈေးသာ ရရှိခဲ့ရာမှ ယခုဩဂုတ်လ တတိယပတ်တွင် ဆီးဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀၀ ဈေးထိရောက်ရှိကာ ဈေးနှုန်းမှာ အဆမတန် ဈေးမြင့်တက်နေပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ယခုနှစ် ဆီးသီးရာသီမှာ ဆီးသီးမှ ကြိတ်ခွဲထုတ်လုပ်လိုက်တဲ့ ဆီးဆန်တွေဟာ တရုတ်ပြည်ဝယ်လိုအားကြောင့် စံချိန်တင်မြင့်တက်နေတယ်။ ဆီးဆန်က မြန်မာပြည်ဈေးကွက်အတွင်းမှာ အသုံးဝင်မှု အသုံးချမှုရှိတယ်လို့ မတွေ့ရပါဘူး။ အဲဒီဆီးဆန်တွေကို တရုတ်ပြည်ဈေးကွက်မှာ ဆေးဝါးထုတ်လုပ်တယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် တစ်ကြိမ်တစ်ခါမှ မကြုံဖူးတဲ့ဈေးနှုန်း အံ့ဖွယ်ဈေးတွေနဲ့ ရရှိနေပါတယ်။ ဆီးဆန်တွေဟာ



မြန်မာထွက်ကုန်ထဲမှာ ထိပ်တန်းမြောက်နေတဲ့ ပို့ကုန်ပစ္စည်းတစ်ခုအနေနဲ့ ရောက်ရှိလာပါတယ်။ အခုဆို ဈေးကောင်းရတဲ့အပြင် အသေးစားစက်မှုလုပ်ငန်းတွေလည်း လည်ပတ်နေရတယ်။ လုပ်သားတွေလည်း အလုပ်အကိုင်တွေ ရရှိကြပါတယ်။ ဈေးကောင်းနေတာကြောင့် ဆီးချဉ်သီးပင်ဟာ အလေ့ကျပေါက်တာကနေ အခင်းပြတ်စိုက်ကြဖို့ အကြံပြုပြောချင်ပါတယ်" ဟု ၎င်းက ပြောသည်။

**ကြိတ်ခွဲပြုလုပ်နေ**

အဆိုပါ ဆီးချဉ်သီးသည် နွေဦးရာသီတွင် စပေါ်လေ့ရှိပြီး တစ်နှစ်လျှင် တစ်ခါသာပေါ်သည့် သီးနှံဖြစ်ကြောင်း၊ ယင်းဆီးချဉ်ပင်သည် သဲဆန်သောမြေများ၊ ပူအိုက်သော ရာသီဥတုများတွင် အလေ့ကျပေါက်ရောက်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးပေါက်ရောက်ကြောင်း၊ ဆီးခွဲစက်များအနေဖြင့် ရေနံချောင်း၊ ချောက်၊ မလိုင်၊ တောင်သာ၊ မိတ္ထီလာ စသည့်မြို့များတွင် ဆီးခွဲစက်ထောင်ကာ ကြိတ်ခွဲပြုလုပ်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

**(ယမန်နေ့မှအဆက်)**

### မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ

ဆက်လက်၍ **ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr.Martin Griffiths ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံအတွင်း တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေ**များကို ပြောကြားလိုပါကြောင်း၊ ယခုလ ၁၅ ရက်တွင် နိုင်ငံ့အကြီးအကဲနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ တွေ့ဆုံစဉ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်အတွက် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများလိုလားနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာနှင့် ဆက်လက်လျှောက်လှမ်းနိုင်ရန် ဆောင်ရွက်နေသည့်အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး ဆောင်ရွက်နေမှုများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် လိုအပ်ချက်ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့်ပတ်သက်ပြီး သတင်းမှားများ ပျံ့နှံ့နေမှုနှင့် အခြေအနေမှန်များကို နိုင်ငံတကာက သိရှိရန်လိုအပ်သည့် အခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါကြောင်း။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အကြီးအကဲနှင့်တွေ့ဆုံခဲ့သည့်အပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့နှင့်လည်း တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများတွင် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများကို ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးမှုအခြေအနေ၊ မိတ်ဆွေနိုင်ငံများအပါအဝင် UNOCHA နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး အသေးစိတ်အကျယ်တဝင့်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း မြန်မာနိုင်ငံအတွက် ရလဒ်ကောင်းများကို ရယူနိုင်ခဲ့သည့် အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

မိမိအနေဖြင့် ဆွေးနွေးပြောကြားလိုသည်မှာ ယခုလောက်သာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်သူလူထုစိတ်ဝင်စားနေသည့် စီးပွားရေး၊ ဘဏ္ဍာရေးဆိုင်ရာအခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူများက ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်ရေးနှင့် ပတ်သက်ပြီး မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ

**ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာလင်းအောင်က** မိမိအနေဖြင့် ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်ရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အဓိကရည်မှန်းချက်ဖြစ်သော ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရေးနှင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုနှုန်း ရည်မှန်းချက်ရရှိစေရေးဆောင်ရွက်ရာတွင် အတိုးနှုန်းမူဝါဒချမှတ်ခြင်း၊ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အချိုးသတ်မှတ်ခြင်းနှင့် လွတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှစ၍ အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်ခဲ့ရာ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုနှုန်းလျှော့ချနိုင်ရေးအတွက် အတိုးနှုန်းမြှင့်တင်မှုများ ၂၀၂၂ ခုနှစ် မေလမှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ အတိုးနှုန်းမြှင့်တင်ခြင်းမပြုဘဲ ဖြေလျှော့ဆောင်ရွက်သည့်နိုင်ငံများလည်းရှိကြောင်း၊ ဥပမာ- တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ လာအို၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဘရာဇီး၊ ရုရှား စသည့်နိုင်ငံများတွင် အတိုးနှုန်းကို မမြှင့်တင်ဘဲ လျှော့ချခဲ့သည်ကိုတွေ့ရကြောင်း။

မိမိတို့မြန်မာနိုင်ငံ၌လည်း ငွေကြေးဖောင်းပွမှုနှုန်းများ အထိုက်အလျောက် မြင့်တက်လျက်ရှိကြောင်း၊ ထိုသို့မြင့်တက်ရခြင်းမှာ လုပ်ခလစာမြင့်တက်ခြင်း၊ ငွေကြေးပမာဏမြင့်တက်ခြင်းနှင့် ဝယ်လိုအားမြင့်တက်မှုများကြောင့် မဟုတ်ဘဲ သွင်းကုန်တန်ဖိုးတွက်ချက်ရာတွင် တန်ဖိုးသင့်သည့်

> **လောင်စာဆီဈေးနှုန်းများ မြင့်တက်မှုမှတစ်ဆင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်ခြင်းမဖြစ်ပေါ်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီတင်သွင်းသော သွင်းကုန်လုပ်ငန်းရှင်များ၏ နိုင်ငံခြားငွေလိုအပ်ချက်များကို အထိုက်အလျောက်ဖြည့်ဆည်းပေးနိုင်ရန် ပို့ကုန်ရငွေများ၏ ၅၀ ရာခိုင်နှုန်း ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် ပြန်လည်ရောင်းချပေးခြင်းများ ဆောင်ရွက်ပေး**



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာလင်းအောင်

ငွေလဲလှယ်နှုန်းများမြင့်တက်မှုကြောင့် သွင်းကုန်တန်ဖိုးများ မြင့်တက်ခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုလိုငွေမြင့်မားခြင်းကြောင့် နိုင်ငံခြားငွေလိုအပ်ချက်များ များပြားလာရာမှတစ်ဆင့် ငွေလဲလှယ်နှုန်းများ မြင့်တက်လာခြင်းကြောင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာရကြောင်း၊ စားသုံးသူဈေးဆနှုန်းကိန်း Consumer Price Index မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်းလျှော့ချရာတွင် အတိုးနှုန်းမြှင့်တင်သောနည်းလမ်းကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံအနေဖြင့် မေခရိစီးပွားရေးအခြေခံအားနည်းသည့်အတွက် နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အတိုးနှုန်းမြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ထိုနည်းတူစွာ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးဆောင်ရွက်ရန် လိုအပ်သောကြောင့် အတိုးနှုန်းမြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ သို့သော်လည်း နိုင်ငံ၏စီးပွားရေးတိုးတက်မှု မေခရိစီးပွားရေးအခြေအနေအပေါ်မူတည်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုပြီး အတိုးနှုန်းပြင်ဆင်ခြင်းကို လိုအပ်သလိုဆောင်ရွက်သွားရန်ရှိကြောင်း။

### မြန်မာကျပ်ငွေဖြင့် ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေအချိုးသတ်မှတ်

ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးအခြေအနေမှာ ၂၀၂၂ ခုနှစ် အောက်တိုဘာလ နောက်ပိုင်းတွင် ကောင်းမွန်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းကို သွယ်ဝိုက်သောနည်းဖြင့် ထိန်းချုပ်နိုင်ရန် ဘဏ်များတွင် မြန်မာကျပ်ငွေဖြင့် ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေအချိုးသတ်မှတ်ချက် သုံးရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းကို တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် မေလတွင် ယင်းကိစ္စကို ဆောင်ရွက်ခဲ့ပြီး တစ်ဖက်တွင်လည်း ဘဏ်များ၏ လုပ်သာကိုင်သာရှိစေရန် ဘဏ်များအနေဖြင့် ဗဟိုဘဏ်တွင် ထားရှိသည့် စာရင်းရှင်အပ်ငွေစာရင်းများရှိကြောင်း၊ စာရင်းရှင်အပ်ငွေများ ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေအချိုး သတ်မှတ်ချက်ထက်ကျော်လွန်သော ပိုလျှံသီးသန့်ငွေအပေါ် အတိုးပေးခြင်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစပြီး ဆောင်ရွက်ပေးခဲ့ကြောင်း၊ လက်ရှိတွင် ဘဏ်များ၏ငွေကြေးလည်ပတ်မှုအခြေအနေကောင်းမွန်ပြီး ငွေထုတ်သူများအား ကန့်သတ်ချက်များဖြေလျှော့ပြီး လက်ရှိတွင် ဆောင်ရွက်ပေးနေကြောင်း။

ထို့ပြင် လောင်စာဆီဈေးနှုန်းများ မြင့်တက်မှုမှတစ်ဆင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်ခြင်းမဖြစ်ပေါ်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီတင်သွင်းသော သွင်းကုန်လုပ်ငန်းရှင်များ၏ နိုင်ငံခြားငွေလိုအပ်ချက်များကို အထိုက်အလျောက်ဖြည့်ဆည်းပေးနိုင်ရန် ပို့ကုန်ရငွေများ၏ ၅၀ ရာခိုင်နှုန်း ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် ပြန်လည်ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ သွင်းကုန်တန်ဖိုးကြီးမြင့်မှုမှတစ်ဆင့် ငွေကြေးဖောင်းပွနှုန်းမြင့်တက်ခြင်း မဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များကို သက်သာသော ငွေလဲလှယ်နှုန်းဖြင့် ဝယ်ယူနိုင်စေရန်၊ ဘဏ်များမှတစ်ဆင့် နိုင်ငံခြားငွေရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝယ်ယူသူများအကြား Matching ပြုလုပ်ပေးသော Online Trading စနစ်တစ်ရပ်ကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၂၂ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မျှတမှန်ကန်သည့်ရောင်းဝယ်မှုဖြစ်စေရန် Criteria များ သတ်မှတ်ပေးထားကြောင်း၊ Criteria များအရ စိစစ်ပြီး အရောင်းအဝယ်ပြုရမည့်ကုမ္ပဏီများ၊ အရောင်းအဝယ်ပြုရမည့် ပမာဏ၊ ငွေလဲလှယ်နှုန်းအစရှိသည်တို့ကို ဗဟိုဘဏ်နှင့် ဘဏ်များညှိနှိုင်းပြီး ဆုံးဖြတ်ပေးလျက်ရှိကြောင်း၊ Exporter နှင့် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသူများမှ ဝင်ရောက်ရောင်းချနိုင်ပြီး Importer များနှင့် Non –Trade အတွက် ပြည်ပကို နိုင်ငံခြားငွေလွှဲပြောင်းရန်ရှိသူများ ဝင်ရောက်ဝယ်ယူနိုင်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လိုင်စင်ချထားပေးပြီးဖြစ်သော ကုန်စည်တင်သွင်းသူများအနေဖြင့် ပြည်ပသို့ငွေပေးချေရာတွင် လိုအပ်သောနိုင်ငံခြားငွေဝယ်ယူရရှိရေးအတွက် ဗဟိုဘဏ်မှ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စားသုံးဆီနှင့် သွင်းကုန်လုပ်ငန်းများအား အမေရိကန်ဒေါ်လာရောင်းချပေးခြင်း၊ Back to Back SWAP Facility အသုံးပြုပြီးမှ အမေရိကန်ဒေါ်လာလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ တစ်နည်းအားဖြင့် ငွေလဲနှုန်းတည်ငြိမ်ရေးကို လိုအပ်သလိုဆောင်ရွက်ပြီး ထိန်းကျောင်းပေးလျက်ရှိကြောင်း။

### နိုင်ငံခြားငွေသားများကို မလိုအပ်ဘဲ ကိုင်ဆောင်ထားခြင်းမရှိစေရေး ကန့်သတ်ထား

ငွေလဲလှယ်နှုန်းများ တည်ငြိမ်စေရေးအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း၊ ထိုအထဲမှအချို့ကို ကောက်နုတ်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဈေးနှုန်းသတ်မှတ်ရာတွင်လည်းကောင်း မြန်မာကျပ်ငွေကိုသာ သုံးစွဲရန်ဖြစ်ကြောင်းကို လက်အောက်ခံအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများမှတစ်ဆင့် မိမိတို့အနေဖြင့် အကြောင်းကြားထားကြောင်း၊ နိုင်ငံခြားငွေသားများကို မလိုအပ်ဘဲ ကိုင်ဆောင်ထားခြင်းမရှိစေရေးအတွက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းများဖြင့် ကန့်သတ်ထားပြီး ပြည်တွင်း၌ နေထိုင်သူများအနေဖြင့် တရားဝင်နည်းလမ်းမှရရှိသော အမေရိကန်ဒေါ်လာတစ်သောင်းအထိ **စာမျက်နှာ ၁၂ သို့** ❖

❖ စာမျက်နှာ ၁၁ မှ
သို့မဟုတ် ယင်းနှင့်ညီမျှသောငွေထက်မပိုသော နိုင်ငံခြားငွေကို လက်ခံရရှိသည့်နေ့မှ ခြောက်လအတွင်း ကိုင်ဆောင်ခွင့်ပြုထားပြီး ခြောက်လထက်ကျော်သည်အထိ အသုံးမပြုပါက နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိသူများထံတွင် ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချလဲလှယ်ခြင်း သို့မဟုတ် ဘဏ်စာရင်းများသို့ ထည့်သွင်းခြင်းကို ဆောင်ရွက်ရန် သတ်မှတ်ချက်များ ထုတ်ပြန်ထားကြောင်း။

### အသေးသုံးနိုင်ငံခြားငွေသား ရောင်းချပေးမည့်အစီအစဉ်များဆောင်ရွက်

နောက်တစ်ခုမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ AD လိုင်စင်ရဘဏ်များမှ ဖွင့်လှစ်ထားသည့် Money Changer ကောင်တာများရှိကြောင်း၊ ယင်းကောင်တာများတွင်လည်း ပြည်ပကို သွားရောက်အလုပ်လုပ်ကိုင်သူများ၊ ဆေးကုသရန် သွားရောက်မည့်သူများ၊ ပညာတော်သင်သွားရောက်မည့်သူများကို အသေးသုံးနိုင်ငံခြားငွေသား ရောင်းချပေးမည့်အစီအစဉ်များကိုလည်း မိမိတို့အနေဖြင့် ၂၀၂၃ ခုနှစ် မေ ၃၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဘုရားဖူးသွားမည့်သူများ၊ ပြည်ပနိုင်ငံအစိုးရအသင်းအဖွဲ့များ၏ ဖိတ်ကြားချက်အရ အစည်းအဝေး တက်ရောက်မည့်သူများကိုလည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖွင့်လှစ်ထားသည့် AD လိုင်စင်ရဘဏ်များ၏ Money Changer ကောင်တာများတွင် တစ်ဦးလျှင် နိုင်ငံခြားငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ ၅၀၀ အထိ ဝယ်ယူနိုင်ရေးစီစဉ်ပေးထားကြောင်း၊ နောက်တစ်ချက်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံတကာကတ်များဖြစ်သော Visa Card၊ Master Card၊ JCB၊ UPI ကတ်ထုတ်ဝေခြင်း၊ ကတ်လက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ်များသို့ ခွင့်ပြုပြီးဖြစ်ကြောင်း။

ပြည်ပသို့သွားရောက်ကြမည့် မြန်မာနိုင်ငံသားများအနေဖြင့်လည်း Retail ငွေပေးချေမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံပြင်ပတွင် အသုံးပြုသူများအဆင်ပြေစေရန် ကတ်အသုံးပြုခြင်းကို ခွင့်ပြုထားကြောင်း၊ ထို့ပြင် ကတ်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားငွေပေးချေသော USD Inflow နှင့် Outflow ထိန်းညှိနိုင်ရန်ကိစ္စ၊ နိုင်ငံခြားငွေ Outflow များ လျှော့ချနိုင်ရေးအတွက် ပြည်တွင်းဘဏ်များမှ ထုတ်ဝေထားသော International Credit Card များ၏ ပြည်တွင်းအသုံးပြုမှုကို မြန်မာကျပ်ငွေဖြင့် CBM-NET မှတစ်ဆင့် စာရင်းရှင်းလင်းမှုပြုလုပ်ပေးရန် ညွှန်ကြားထားကြောင်း၊ ဗီဇာကတ်အသုံးပြုမှုအတွက် ပေးချေမှုကို ယခင်က Nostro တွင်သာ စာရင်းရှင်းလင်းခဲ့သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်မှစပြီး AD လိုင်စင်ရပြည်တွင်းဘဏ်တစ်ခုတွင် Local Settlement Bank အဖြစ်သတ်မှတ်ပေးပြီး ဆောင်ရွက်ကာ CBM-NET မှတစ်ဆင့် စာရင်းရှင်းလင်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်းများရှိကြောင်း။

အမေရိကန်ဒေါ်လာလိုအပ်ချက်ကို လျှော့ချနိုင်ရေးအတွက် နယ်စပ်ကုန်သွယ်မှုသာမက ပုံမှန်ကုန်သွယ်မှုတွင်ပါ ယွမ်နှင့်ဘတ်တို့ဖြင့် ဆောင်ရွက်ခွင့်ပြုခြင်း၊ နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု ပိုမိုလွယ်ကူစေရန် နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များတွင် ထိုင်းဘတ်ငွေကို နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်နိုင်သည့်ငွေကြေးအဖြစ် သတ်မှတ်ခွင့်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေစီးဝင်မှု၊ စီးထွက်မှုအခြေအနေများကို အမြဲလေ့လာဆန်းစစ်ပြီး ဈေးကွက်လိုလားချက်အရ ဖြစ်သင့်သည့် ငွေလဲလှယ်နှုန်းကိုလည်း အမြဲတမ်းစိစစ်သုံးသပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်းအား ထိန်းချုပ်နိုင်ရေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်နိုင်ရေးအတွက် တွန်းအားပေးလုပ်ဆောင်နေသည့်တိုင်အောင် ပြည်ပတွင် ဈေးနှုန်းများမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြင့်မားနေရခြင်းသည် ကုန်သွယ်မှုနှင့်ပတ်သက်သော မှောင်ခိုရောင်းဝယ်မှုများ၊ တရားမဝင်တင်ပို့မှုများကြောင့်ဖြစ်ကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သော နိုင်ငံခြားငွေလဲလှယ်နှုန်းမဟုတ်ဘဲ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်စေရန်ရည်ရွယ်၍ ဈေးကစားနေခြင်းကြောင့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တရားမဝင်နိုင်ငံခြားငွေရောင်းဝယ်မှုများပပျောက်ရေး၊ ပို့ငွေရငွေများ သတ်မှတ်ချက်နှင့်အညီ ပြန်လည်ဝင်ရောက်ရေး၊ တရားမဝင်ကုန်သွယ်မှုများ တားဆီးရေး၊ Online Market Rate ဖြင့် Importer အမည်ခံပြီး နိုင်ငံခြားငွေဝယ်ယူ၍ တခြားသူများကို တရားမဝင်ဈေးဖြင့် ညှိနှိုင်းပြီး ရောင်းချခြင်းမျိုးများ မဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကုန်သွယ်မှုလိုငွေများ လျှော့ချနိုင်မှု သွင်းကုန်များကို ကန့်သတ်ခြင်း၊ သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေးအတွက် သက်သာသောချေးငွေများရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် တိုင်းပြည်စီးပွားရေးတိုးတက်မှုအခြေအနေ၊ စီးပွားရေးစနစ်အတွင်းရှိ ငွေကြေးပမာဏ၊ ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးအခြေအနေများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ဘဏ်လုပ်ငန်းကဏ္ဍ တည်ငြိမ်ရေး၊ ငွေကြေးတည်ငြိမ်ရေး၊ ငွေလဲလှယ်နှုန်းတည်ငြိမ်ရေးတို့ကို ချိန်ဆဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိဂုံးချုပ်အနေဖြင့် အသိပေးပြောကြားလိုသည်မှာ ပြည်သူများအနေဖြင့် လတ်တလောလူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဖြစ်ပေါ်နေသော ကောလာဟလသတင်းများအပေါ် စိုးရိမ်ပူပန်မှုများ မဖြစ်ကြရန်နှင့် အခြေအမြစ်မရှိသောသတင်းများကို မယုံကြည်ကြရန်၊ အခြေအမြစ်မရှိသည့် မမှန်သတင်းထုတ်ပြန်ခြင်းများကို သတိပြုကြရန်လိုအပ်ကြောင်း ပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

## လှိုင်ကော်မြို့၌ အစေ့ထုတ်ပြောင်းနှင့် ပဲပုပ်စမ်းသပ်ကွက်များ စိုက်ပျိုးပြသခြင်းနှင့် မိုဘိုင်းဆိုလာဖြင့် ရေအသုံးချမှုကွင်းသရုပ်ပြပွဲ ကျင်းပ

လှိုင်ကော် ဩဂုတ် ၂၄

ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ပူးပေါင်း၍ အစေ့ထုတ်ပြောင်းစမ်းသပ်ကွက်၊ ပဲပုပ်စမ်းသပ်ကွက်များ စိုက်ပျိုးပြသခြင်းနှင့် မိုဘိုင်းဆိုလာဖြင့် ရေအသုံးချမှု ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက လှိုင်ကော်စိုက်ပျိုးရေးသုတေသနခြံ၌ ကျင်းပသည်။



ဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ ရွေးချယ်သုံးစွဲစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးသုတေသနခြံတာဝန်ခံက ကွင်းသရုပ်ပြပွဲဆောင်ရွက်ရခြင်း ရည်ရွယ်ချက်၊ ပြည်နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မိုဘိုင်းဆိုလာဖြင့် ရေအသုံးချမှုဆောင်ရွက်နိုင်သည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး တောင်သူများက သိလိုသည်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားပြီး လှိုင်ကော်စိုက်ပျိုးရေးသုတေသနခြံဝင်းအတွင်းရှိ အစေ့ထုတ်ပြောင်းစမ်းသပ်ကွက်၊ ပဲပုပ်စမ်းသပ်ကွက်များမှ အောင်မြင်ဖြစ်ထွန်းနေသော စိုက်ပျိုးသီးနှံများနှင့် မိုဘိုင်းဆိုလာစနစ်ဖြင့် ရေအသုံးချဆောင်ရွက်နိုင်မှု သရုပ်ပြကွက်များကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြဝတီမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မြဝတီ ဩဂုတ် ၂၄

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ရက်သတ္တပတ်အနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဩဂုတ် ၁၅ ရက်မှ ၃၀ ရက်ထိ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ ရေပူနှင့် ကျောက်လုံးကြီး မွေးမြူရေးဇုန်များတွင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးခြင်း၊ ရောဂါစူးစမ်းလေ့လာခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြဝတီခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင့်လွင်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းဝင်းအောင် ဦးဆောင်သော ကွင်းဆင်းအဖွဲ့တို့သည် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာများနှင့် ကြိုတင်ကာကွယ်ကုသရေး နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး နွားကောင်ရေ ၉၈၀၊ ဆိတ် ၁၀၅ ကောင်၊ ဝက် ၂၀၉ ကောင်၊ ဒေသကြက်ကောင်ရေ ၁၈၀၀ တို့ကို ကူးစက်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**



## ကွတ်ခိုင်မြို့၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်



ကွတ်ခိုင် ဩဂုတ် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၅) ရပ်ကွက် ယာယီတိုက်ပွဲရှောင်စခန်း၌ ကျင်းပသည်။

ဦးစွာ ကွတ်ခိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကြည်မော်က သင်တန်းကိုအခမဲ့ဖွင့်လှစ်ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းသုံးပစ္စည်းကိရိယာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညွန့်က ပေးအပ်ရာ သင်တန်းတာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၁၀ ဦးကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရောဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေ

နေပြည်တော် ဩဂုတ် ၂၄

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ **မိုး/ဇလ**

# BRICS အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာလုံးဆိုင်ရာညီမျှသည့်စနစ်ဖြစ်ပေါ်လာစေရေး အားပေးကူညီမည်ဟု ရုရှားသမ္မတပူတင်ပြောကြား




**မော်စကို ဩဂုတ် ၂၄**

BRICS အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာညီမျှသည့်စနစ် ဖြစ်ပေါ်လာစေရေး အားပေးကူညီမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံအချို့၏ လွှမ်းမိုးလိုသည့် ဆောင်ရွက်ချက်များကို ဆန့်ကျင်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က BRICS နိုင်ငံခေါင်းဆောင်များ၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်ထိပ်သီးအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တက်ရောက်စဉ် ပြောကြားခဲ့သည်။

နိုင်ငံတကာဥပဒေအပေါ် အခြေခံသော မျှတမှုရှိသည့် ကမ္ဘာလုံးဆိုင်ရာစနစ်ဖြစ်ပေါ်လာစေရေး မိမိတို့ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကုန်ပစ္စည်းထောက်ပံ့မှုဆိုင်ရာကွင်းဆက်များကွဲပြားခြားနားခြင်း၊ အမေရိကန်ဒေါ်လာအပေါ် မှီခိုနေရခြင်းစသည့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို လက်တွဲဖြေရှင်းရန်အတွက် BRICS အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ထို့ပြင်တီထွင်ဆန်းသစ်မှုမြှင့်တင်ရေးနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ်များချဲ့ထွင်ရန် စသည့် ကဏ္ဍများတွင် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဟု ၎င်းက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

■

# BRICS နိုင်ငံခေါင်းဆောင်များ၏ နှစ်ပတ်လည်ထိပ်သီးအစည်းအဝေး၌ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းစုသစ်တစ်ခုထူထောင်ရန် အိန္ဒိယဝန်ကြီးချုပ်မိုဒီ အဆိုပြု

**ဂျိုဟန်နစ္စဘတ် ဩဂုတ် ၂၄**

BRICS နိုင်ငံခေါင်းဆောင်များ၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်ထိပ်သီးအစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်မိုဒီက နိုင်ငံစုံအာကာသစူးစမ်းလေ့လာရေး လုပ်ငန်းစုသစ်တစ်ခု ထူထောင်ရန် တောင်းဆိုခဲ့သည်။ ၎င်း၏ အဆိုပြုချက်သည် အိန္ဒိယ၏ လကမ္ဘာစူးစမ်းလေ့လာရေးယာဉ် လ၏တောင်ဝင်ရိုးစွန်းသို့ သမိုင်းဝင်ဆင်းသက်မှု မအောင်မြင်မီ နာရီပိုင်းအလိုတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

BRICS နိုင်ငံများသည် ၎င်းအာကာသစူးစမ်းလေ့လာရေးလုပ်ငန်းအတွက် အာရုံခံပေါင်းစပ်ပြိုဟ်တုတည်ဆောက်ရန် လုပ်ဆောင်နေပြီး ၎င်းနယ်ပယ်အောက်တွင် အာကာသဆိုင်ရာသုတေသနနှင့် ရာသီဥတုစောင့်ကြည့်ခြင်းကဲ့သို့သောလုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာ ကောင်းကျိုးအတွက် လုပ်ဆောင်မည်ဖြစ်ကြောင်း မိုဒီက ပြောကြားသည်။

ယခုဆောင်ရွက်မည့် အာရုံခံပေါင်းစပ်ပြိုဟ်တု တည်ထောင်ရေးစီမံချက်အရ တရုတ်၏ ဂါအိုဖန်၆ နှင့် ဇက်ဝိုင်သရီး - ဇီးရိုးတူးပြိုဟ်တု၊ ရုရှား၏ ကာနိုပတ်ပြိုဟ်တုငါးလုံး၊ အိန္ဒိယ၏ ဇက်ဝိုင် -၂ နှင့် တူးအေပြိုဟ်တုများနှင့် တရုတ်-ဘရာဇီး ပူးပေါင်းထုတ်လုပ်ထားသော ဇီးရိုးဖိုးပြိုဟ်တုများကို ပေါင်းစပ်ကာ ပေါင်းစပ်ပြိုဟ်တုတစ်လုံးအဖြစ် တည်ဆောက်မည်ဖြစ်ပြီး ၎င်းပေါင်းစပ်ပြိုဟ်တုအတွက် လိုအပ်သည့် အချက်အလက်များကို တရုတ်နိုင်ငံ စန်းရာ၊ ဘရာဇီးနိုင်ငံ ကျူအာဘာ၊ ရုရှားနိုင်ငံရှိ မော်စကိုဒေသ၊ အိန္ဒိယနိုင်ငံရှိ ရှက်နေဂါ-ဟိုက်ဒရာဘတ် နှင့် တောင်အာဖရိက နိုင်ငံရှိ ဟာဘီရှုတ် တို့ရှိ မြေပြင်အခြေစိုက်စခန်းများမှ ရရှိမည်ဖြစ်သည်။




BRICS နိုင်ငံများသည် လွန်ခဲ့သည့်နှစ်အတွင်း ပြိုဟ်တုများအချင်းချင်း ဒေတာမျှဝေနိုင်ရန် အာကာသပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီကိုဖွဲ့စည်းခဲ့သည်။ အဆိုပါစီမံချက်ကို တရုတ်က ၂၀၁၅ ခုနှစ်တွင် ကနဦးမြှင့်တင်ဆောင်ရွက်ခဲ့သည်။

ရုရှားနိုင်ငံသည် ပြီးခဲ့သည့်လအတွင်းက BRICS နိုင်ငံများအတွက် အထူးပြုမော်ဂျူးတစ်ခု ဖန်တီးရန် အဆိုပြုခဲ့ပြီး ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် မျှော်မှန်းထားသည့် ရုရှားအာကာသပတ်လမ်းစခန်းတွင် BRICS နိုင်ငံများအား သက်ဆိုင်ရာနိုင်ငံအလိုက် အာကာသအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကမ်းလှမ်းခဲ့သည်။

ကိုးကား-အာဝီအနယူးစ်
ဘာသာပြန်-စိုးသူရ

# ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ထားသောရေဆိုးများကို သမုဒ္ဒရာထဲသို့ စတင်စွန့်ပစ်ထုတ်လွှတ်

**တိုကျို ဩဂုတ် ၂၄**

တိုကျိုလျှပ်စစ်စွမ်းအင်ကုမ္ပဏီသည် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ထားသောရေဆိုးများကို သမုဒ္ဒရာထဲသို့ ယနေ့စတင်စွန့်ပစ်ထုတ်လွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံသည် ငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ပြီးနောက် ၁၂ နှစ်ကျော်ကြာသည့် ယခုအချိန်တွင် အစိုးရက ယင်းစက်ရုံကို ဖျက်သိမ်းရန် လိုအပ်သည့် ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည်။

စီမံခန့်ခွဲမှုများ သေချာစွာဆောင်ရွက်ပြီးနောက် သန့်စင်ထားသောရေဆိုးများကို ပင်လယ်အတွင်းသို့ စွန့်ပစ်ခြင်းဖြစ်ကြောင်း စက်ရုံအကြီးအကဲက ဆိုသည်။

တိုကျို လျှပ်စစ်စွမ်းအင်ကုမ္ပဏီသည် "ဘီကယ်လ်"ဟုခေါ်သည့် ရေဒီယိုသတ္တိကြွယူနစ်ဖြင့် ရေဆိုးများတွင်ပါဝင်သည့် ထရီတီယမ်၏ ပြင်းအားကို တိုင်းတာခဲ့သည်။ တစ်လီတာလျှင် ဘီကယ်လ် ၄၃ မှ ၆၃ ကြားပါရှိကြောင်း သိရသည်။ ယင်းပါဝင်မှုသည် ဂျပန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းဖြစ်သည့် တစ်လီတာလျှင် ရေဒီယိုသတ္တိကြွပါဝင်မှုဘီကယ်လ် ၆၀၀၀၀ ထက် လျော့နည်းမှုရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိနိုင်ပေ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ရေဆိုးများအတွင်း ရေဒီယိုသတ္တိကြွပါဝင်မှုနည်းပါးစေရန် သန့်စင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရေဆိုးများကို ပင်လယ်ကြမ်းပြင်အောက်ရှိဥမင်လိုဏ်ခေါင်းတစ်ခုမှတစ်ဆင့် ပေးပို့ပြီး ကမ်းရိုးတန်းမှ တစ်ကီလိုမီတာအကွာတွင် စွန့်ပစ်မည်ဖြစ်သည်။ ပထမအကြိမ် လုပ်ငန်းစဉ်သည် ၁၇ ရက်ခန့် ကြာမြင့်မည်ဖြစ်ပြီး သန့်စင်ထားသောရေတန်ချိန် ၇၈၀၀ ခန့် ထွက်ရှိမည်ဖြစ်သည်။

လုပ်ငန်းစဉ် အပြည့်အစုံမှာ အနည်းဆုံးနှစ်ပေါင်းသုံးဆယ်ကြာမည်ဟု မျှော်လင့်ရသည်။ အဆိုပါရေဆိုးများစွန့်ပစ်မှုကြောင့် ၎င်းတို့၏လုပ်ငန်းအပေါ် မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိမည်ဆိုသည်နှင့်ပတ်သက်ပြီး ပြည်တွင်းစက်မှုလုပ်ငန်း အဖွဲ့ဝင်များက ထုတ်ဖော်ပြောဆိုသည်။

သို့သော် ဂျပန်အစိုးရက ထိခိုက်နစ်နာမှုရှိမည်ဆိုပါက ကာကွယ်စောင့်ရှောက်မှုပေးရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်၌ 5G အခြေစိုက်စခန်းပေါင်း ၈၄၀၀၀ ကို တည်ဆောက်ပြီးဖြစ်

**ပေကျင်း ဩဂုတ် ၂၄**

တရုတ်နိုင်ငံ မြောက်ပိုင်းရှိ ကျောက်မီးသွေး အဓိကထုတ်လုပ်သော ပြည်နယ်ဖြစ်သည့် ရှန်ဇီပြည်နယ်တွင် 5G အခြေစိုက်စခန်းပေါင်း ၈၄၀၀၀ ကို တည်ဆောက်ထားပြီးဖြစ်ကြောင်း ရှန်ဇီပြည်နယ်မြို့တော် တိုင်ယွန်တွင်ကျင်းပသည့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ထိပ်သီးအစည်းအဝေး၏ ထုတ်ပြန်ချက်အရ သိရသည်။

ရှန်ဇီပြည်နယ်ရှိ ကျေးရွာများတွင် 5G အခြေစိုက်စခန်းပေါင်း ၇၅ ရာခိုင်နှုန်းအထိ ယခုနှစ်ကုန်တွင် တည်ဆောက်ပြီးစီးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ်ကုန်ပိုင်းတွင် ရှန်ဇီပြည်နယ်၌ 5G အခြေစိုက်စခန်းပေါင်း ၆၇၀၀၀ ရှိခဲ့သည်။

ယခုနှစ်တွင် ရှန်ဇီပြည်နယ်သည် 5G အခြေစိုက်စခန်းအသစ် ၂၅၀၀၀ ကိုတည်ဆောက်မည်ဖြစ်ပြီး ပြည်နယ်အတွင်းရှိ 5G အခြေစိုက်စခန်းစုစုပေါင်း ၉၂၀၀၀ သို့ ရောက်ရှိမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် 5G နည်းပညာနှင့်ကွန်ရက်များ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းလျက်ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် 5G ကွန်ရက် လွှမ်းခြုံနိုင်စေရန် ရည်မှန်းထားကြောင်း စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မြို့ကြီးတိုင်းနှင့် ကျေးရွာအများစုတွင် 5G ကွန်ရက် လွှမ်းခြုံနိုင်စေရန် ရည်မှန်းထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် အစွမ်းထက်ထိရောက်သည့် နည်းလမ်းများ ချမှတ်ရမည်ဟု ပါကစ္စတန်ဝန်ကြီးချုပ်ပြောကြား

**အစ္စလာမာဘတ် ဩဂုတ် ၂၄**

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် အစွမ်းထက်ထိရောက်သည့် နည်းလမ်းများကို ချမှတ်ရမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်းပါကစ္စတန်ဝန်ကြီးချုပ် အန်ဝါအလ်ဟက်ကတ်ကာက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမာဘတ်တွင် ကျင်းပသည့် မုတ်သုံရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ၎င်းက ယခုကဲ့သို့ မှတ်ချက်ပြုပြောကြားခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏသည် တစ်ရာခိုင်နှုန်းအောက်လျော့နည်းသော်လည်း နိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို အဆိုးရွားဆုံးခံစားနေရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ လေထုညစ်ညမ်းမှုနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် အခြားအချက်များကြောင့် ကမ္ဘာတစ်ဝန်းတွင် ရေကြီးရေလျှံခြင်း၊ မြေလျှောခြင်း၊ လှုတ်ခတ်ခြင်းနှင့် အခြားသဘာဝဘေးများကျရောက်နေကြောင်း သိရသည်။

နိုင်ငံအတွင်းရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပူးပေါင်းဆောင်ရွက်ကြရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတွင်းရှိ သက်ဆိုင်သူအားလုံးကို ၎င်းက ပန်ကြားခဲ့သည်။

ယခုမုတ်သုံရာသီသစ်ပင်စိုက်ပျိုးရေး အစီအစဉ်အရ နိုင်ငံတစ်ဝန်း သစ်ပင်ပေါင်း ၁၁ သန်းခန့် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများနှင့် ကလေးပြုစုရေးဌာနတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးရတနာမူလတန်းကြိုကျောင်း၊ တော်ဝင်ရတနာမူလတန်းကြိုကျောင်း၊ နေပြည်တော်ကလေးပြုစုရေးဌာနနှင့် အမျိုးသား လွှတ်တော်မူလတန်းကြိုကျောင်းတို့သို့ သွားရောက်၍ ကလေးငယ်လေးများအား သင်ကြားလေ့ကျင့်နေမှု၊ ကျွေးမွေးစောင့်ရှောက်မှု၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်၊ သင်ယူရာနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက မူလတန်းကြိုကျောင်းများတွင် ကလေးငယ်များ၏ ကျန်းမာရေးအတွက် အာဟာရပြည့်ဝစွာ ကျွေးမွေးနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်၊ နေ့လယ်စာနှင့် ဖြည့်စွက်အာဟာရတို့ ချက်ပြုတ်ပြင်ဆင်ကျွေးမွေးရာတွင် သန့်ရှင်းမှုရှိစေရေး အထူးအလေးထား ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကလေးငယ်များအား လက်ကို စနစ်တကျဆေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကလေးများ၏ဖွံ့ဖြိုးမှုနှင့် သင်ကြားနေမှုတို့ကို ကြည့်ရှုပြီး ကလေးငယ်များသည် အနာဂတ်နိုင်ငံ့ခေါင်းဆောင်များ၊ တိုင်းပြည်၏ အဖိုးတန်ရတနာများဖြစ်၍ သင်ယူမှုပတ်ဝန်းကျင် ကောင်းမွန်စွာဖြင့် အခြေခံအလေ့အကျင့်ကောင်းများရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ မူလတန်းကြိုကျောင်းများနှင့် ကလေးပြုစုရေးဌာနတို့ရှိ ဝန်ထမ်းများ၊ ကလေးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး၍ အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေး သင်တန်း (၁/၂၀၂၃) ဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကျိုးရှိစွာ ပြန်လည်အသုံးချ**

ဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုသင်တန်းတွင် သင်ကြားခဲ့သည့် ဘာသာရပ်များသာမက ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကို အမြဲလေ့လာသင်ယူပြီး လက်တွေ့လုပ်ငန်းတွင် အကျိုးရှိစွာ ပြန်လည်အသုံးချပြီး ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ ပေါက်မြောက်အောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း၊ မိမိတို့တာဝန်ကျရာဒေသမှ ဒေသခံပြည်သူများ အမှန်တကယ်အကျိုးရှိအောင်၊ အကျိုးပြုအောင် လုပ်ဆောင်နိုင်သည့် ဒုတိယဦးစီးမှူးများနှင့် စာကြည့်တိုက်တာဝန်ခံများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသား ခေါင်းဆောင်ထံ ပေးအပ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မူဝါဒနှင့်အခန်းကဏ္ဍ၊ ရည်မှန်းချက်တာဝန်များ၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာကျင့်သုံးမည့်ဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များနှင့် ဒုတိယဦးစီးမှူးများ၏ လုပ်ငန်းတာဝန်များကို သိရှိလိုက်နာပြီး ဌာန၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်း(၁/၂၀၂၃)ကို သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



## သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း) ဘွဲ့လွန်မဟာသိပ္ပံ (M.Sc) သင်တန်းသားများ ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**

**ဘွဲ့လွန်မဟာသိပ္ပံ (M.Sc) သင်တန်းသားများ ခေါ်ယူခြင်း**

၁။ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ဘွဲ့လွန်မဟာသိပ္ပံတန်းသို့ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် တက်ရောက်လိုသူများ လျှောက်ထားနိုင်သည်-

(က) သိပ္ပံ(သစ်တောပညာ) ဘွဲ့ B.Sc (Forestry) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) သိပ္ပံ(သစ်တောပညာ)ဘွဲ့ရ စာမေးပွဲ(နောက်ဆုံးနှစ်စာမေးပွဲ)တွင် ပျမ်းမျှရမှတ် ၆၅% နှင့်အထက် ရရှိသူဖြစ်ရမည်။
(ဂ) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက် (ကြာသပတေးနေ့)တွင် အသက်(၄၅)နှစ်အထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ဘွဲ့လွန်မဟာသိပ္ပံတန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဌာနများ၌ တာဝန်ထမ်းဆောင်နေကြသည့် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူဝန်ထမ်းများသည် အစိုးရဝတ္တရား (on deputation) ဖြင့် တက်ရောက်ရန် လျှောက်ထားနိုင်သည်။ လျှောက်ထားလိုသူများသည်-

(က) မိမိတာဝန်ထမ်းဆောင်နေသည့် သက်ဆိုင်ရာလုပ်ငန်း/ဌာနအကြီးအကဲမှတစ်ဆင့် တရားဝင်လျှောက်ထားရမည်။
(ခ) မဟာသိပ္ပံတန်းသို့ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာ လုပ်ငန်း/ဌာနအကြီးအကဲ၏ ထောက်ခံစာ ပူးတွဲတင်ပြရမည်။
(ဂ) တက်ရောက်ခွင့်ရရှိပါက လစာ၊ စရိတ်နှင့် အခြားရပိုင်ခွင့်များကို သက်ဆိုင်ရာ လုပ်ငန်း/ဌာနမှ ရယူခံစားကြရမည်။

၃။ ပူးတွဲပါ ဘွဲ့လွန်တန်းပညာသင်ကြားခွင့် လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) တစ်လက်မခွဲ နှစ်လက်မအရွယ် ဓာတ်ပုံ(၄)ပုံ (တစ်ပုံ လျှောက်လွှာတွင် ကပ်ရန် ဖြစ်သည်)
(ခ) သိပ္ပံ(သစ်တောပညာ) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) နောက်ဆုံးနှစ်အောင်မြင်ကြောင်း ထောက်ခံစာ မိတ္တူတစ်စောင်
(ဂ) သိပ္ပံ(သစ်တောပညာ)ဘွဲ့ စာမေးပွဲ(နောက်ဆုံးနှစ်) စာမေးပွဲအောင်အမှတ်စာရင်း မိတ္တူတစ်စောင်
(ဃ) ကျန်းမာရေး(က)အဆင့်ရှိကြောင်း ဆရာဝန်၏ဆေးထောက်ခံချက်

၅။ လျှောက်လွှာကို သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ မော်ကွန်းထိန်းရုံးသို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက် (သောကြာနေ့) နောက်ဆုံးထား အရောက်ပေးပို့ကြရမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးမည်-

| စဉ် | ဘာသာရပ် | နေ့ရက်/ အချိန် |
| --- | --- | --- |
| (က) | အင်္ဂလိပ်စာ ဘာသာရပ် | ၅-၁၀-၂၀၂၃ ရက် (ကြာသပတေးနေ့) |
| | (၂) နာရီမေးခွန်း | နံနက်( ၉ : ၀၀)နာရီမှ( ၁၁:၀၀)နာရီအထိ |
| (ခ) | သစ်တောနှင့် ပတ်ဝန်းကျင်ဘာသာရပ် | ၅-၁၀-၂၀၂၃ ရက် (ကြာသပတေးနေ့) |
| | (၂) နာရီမေးခွန်း | မွန်းလွဲ( ၁:၀၀)နာရီမှ( ၃:၀၀)နာရီအထိ |

၇။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ဘွဲ့လွန်မဟာသိပ္ပံတန်းကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၁၆) ရက် (ကြာသပတေးနေ့)တွင် ဖွင့်လှစ်မည်။

၈။ အသေးစိတ်အချက်အလက်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းလိုပါက မော်ကွန်းထိန်းရုံး ဖုန်း-၀၆၇-၃၄၁၆၅၁၉ သို့မဟုတ် E.mail လိပ်စာ ufes.registrar@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်**
**ရေဆင်း**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



ရွှေညောင် ဩဂုတ် ၂၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်စိုက်ပျိုးရေးသုတေသန ဦးစီးဌာန တာယောစိုက်ပျိုးရေးသုတေသနခြံ၌ ဖြန့်ဝေပြီးလယ်စပါးမျိုး သရုပ်ပြစိုက်ပျိုးထားမှုနှင့် ကောက်စိုက်စက်ဖြင့် စပါးသရုပ်ပြစိုက်ပျိုးထားမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် MSME လုပ်ငန်းဖြစ်သော ရွှေစင်အဆင့်မြင့်နှင့် ဂျိန်းဖော ရတနာ တန် ၁၅၀ ကျ ဆန်စက်တို့ကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ကျိုင်းတုံမြို့ နောင်ပောင်ကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေဖြင့်ဖြန့်ဖြူးသည့် ဂျိတ်နီဆိတ်မျိုး အထီး ငါးကောင်၊ အမ အကောင် ၅၀ ကို ကျေးရွာကော်မတီသို့ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ ကျေးရွာကော်မတီများသို့ ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ အရှေ့မဲခေါင် အသားတိုးဝက်အကောင် ၈၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုပြီး မိုင်းလပ်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာတွင် ခန်လွန်ကုမ္ပဏီလီမိတက်မှ ဒေသထွက် လက်ဖက်ခြောက်များ တန်ဖိုးမြှင့်ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပျဉ်းမနားမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ဇီးဖြူပင် ကျေးရွာအုပ်စု သစ်ဆိပ်ပင်ကျေးရွာ တောင်သူဒေါ်လုံး၏ လယ်မြေ သုံးဧကတွင် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဒက္ခိဏခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်အောင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းထွန်းလင်းက ပန်းတိုင်အထွက်နှုန်းရရှိစေရန် (မျိုး၊ မြေ၊ ရေ၊ နည်း) ဟူသည့် နည်းလမ်းလေးရပ်ကို လစ်ဟာမှုမရှိအောင် စီမံဆောင်ရွက်ပြီး ကြိုးစားဆောင်ရွက်ကြရန်လိုအပ်မှု၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးလွင်က စိုက်ပျိုးရေပေးဝေမှုအခြေအနေများ၊ ပျဉ်းမနားခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးမျိုးဇော်အောင်နှင့် မြို့နယ်ဦးစီးမှူး ဦးသွယ်မောင်မောင်ထွန်းတို့က ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် တောင်သူများက စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည့် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက တောင်သူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးကာ တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် တောင်သူများက ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)



**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

## ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် သန်လျင်တပ်နယ်အတွင်းရှိ ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်၍ ပျိုးပင်များ စိုက်ပျိုးကြသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရ လေကာပင်များဖြစ်သော မန်ဂျန်ရှားပင် ၂၀၀၊ နှစ်ရှည်သီးပင် စားပင်များဖြစ်သော မန်ကျည်းပင် ၃၀၀ နှင့် စိန်တစ်လုံးသရက်ပင် ၂၆၇ ပင် စုစုပေါင်း ၇၆၇ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လှည်းကူးမြို့နယ်၌ မိုးစပါး ရေတော်၊ မိုးတော် ထွန်တုံးပိတ်ပွဲ ကျင်းပ

လှည်းကူး ဩဂုတ် ၂၄

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးစပါး ရေတော်၊ မိုးတော် ထွန်တုံးပိတ် စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက သနပ်ပြင်ကျေးရွာအုပ်စု သနပ်ပြင်ကျေးရွာ တောင်သူ ဦးချစ်ဟန်၏ လယ်မြေ၌ ကျင်းပသည်။



လှည်းကူးမြို့နယ် ၂၀၂၃-၂၀၂၄ မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၈၁၂၂၅ ဧက စိုက်ပျိုးရန် လျာထားရာ လျာထားစိုက်ဧက ပြည့်ဝရန်နှင့် ပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သော နည်းပညာများ ထောက်ပံ့ပေးကာ ကြီးကြပ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိုးစပါး ရေတော်၊ မိုးတော် ထွန်းတုံးပိတ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီအဖွဲ့များ၊ ဒေသခံ တောင်သူများနှင့် ကောက်စိုက်သမများ တက်ရောက်ကြကြောင်း သိရသည်။

မြင့်ဦး

## ကျောက်ဖြူမြို့ အထက(၃)၌ လူငယ်စကားဝိုင်း ကျင်းပ

ကျောက်ဖြူ ဩဂုတ် ၂၄

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဩဂုတ် ၂၂ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ စန္ဒကူးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ယုယုနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး အထက(၃) Grade-11 မှ မရွှန်းလဲ့ရွှေရည်ကျော်၊ Grade-9 မှ မရတနာဆင့်၊ မောင်အောင်ဖြိုးလင်းနှင့် မောင်နိုင်လင်းတို့က "လူငယ်နှင့် စာပေ"ခေါင်းစဉ်အောက်တွင် ဝိုင်းဝန်းဆွေးနွေးကြသည်။



ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးပြောကြားချက်များအပေါ် သိရှိလိုသည်များကိုမေးမြန်းရာ ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲနှင့် မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ပုသိမ်တက္ကသိုလ်တို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း ကျင်းပ



ပုသိမ် ဩဂုတ် ၂၄

လူငယ်များ စာဖတ်စွမ်းရည်တိုးတက်စေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ ဖြစ်လာစေရေး၊ လူအများနှင့် ဆွေးနွေးပြောဆိုမှုပြုတတ်စေရေး အစရှိသည့် ရည်ရွယ်ချက်များဖြင့် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ပုသိမ်တက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် "လူငယ်စကားဝိုင်း" အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် သမိုင်းဌာန ပါမောက္ခ ဒေါက်တာကျော်မင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး သတ္တဗေဒအထူးပြု စတုတ္ထနှစ်ကျောင်းသား မောင်အာကာမြတ်မင်းဇင်က လူငယ်နှင့် အားကစားခေါင်းစဉ်၊ ဓာတုဗေဒအထူးပြု ဒုတိယနှစ်ကျောင်းသူ မသင်းသီရိမြတ်သွယ်က လူငယ်နှင့်ကျန်းမာကြံ့ခိုင်ရေး ခေါင်းစဉ်၊ ဥပဒေပညာအထူးပြု ဒုတိယနှစ်ကျောင်းသား မောင်ဇင်လင်းထူးက လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်နှင့် မြန်မာစာအထူးပြုဒုတိယနှစ်ကျောင်းသား မောင်မိုးယံထက်က လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စကားဝိုင်းဆွေးနွေးပွဲနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သော သမိုင်းဌာန ပါမောက္ခနှင့် ကျောင်းသား ကျောင်းသူများအတွက် အမှတ်တရလက်ဆောင်များကိုလည်းကောင်း၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ပုသိမ်တက္ကသိုလ်သို့ အားကစားပစ္စည်းများကိုလည်းကောင်း လှူဒါန်းပေးအပ်ခဲ့ရာ ကျောင်းသားကျောင်းသူများနှင့် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်တို့က လက်ခံရယူခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# လွိုင်လင်မြို့ အောင်ချမ်းသာ အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

လွိုင်လင် ဩဂုတ် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အောင်ချမ်းသာ အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းလီမိတက်၏ ၂၀၂၁-၂၀၂၂ (Mini) ၆ လ နှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် သဘာပတိ အောင်ချမ်းသာသမဝါယမအသင်း ဥက္ကဋ္ဌ ဒေါ်နန်းစိန်ကြည်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲအောင်အောင်၊ လွိုင်လင်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်တင်လှတို့က အမှာစကားပြောကြားခဲ့ပြီး ဒါရိုက်တာအဖွဲ့၏ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအစီရင်ခံစာ ရှေ့လုပ်ငန်းစဉ်များ၊ စာရင်းစစ်အဖွဲ့၏ ဘဏ္ဍာရေးရှင်းတမ်း နှစ်ချုပ်အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုခဲ့ကြသည်။

ထို့နောက် ၁၈ အတွက် အသင်းသားများ၏စုဆောင်းငွေအပေါ် အတိုးထုတ်ပေးခြင်း ငွေကျပ် သိန်း ၂၉၀ ကျော်ကို အသင်းစုအတွင်းရေးမှူးက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့ပြီး ထူးချွန်အသင်းသားများနှင့် အသင်းသားများ၏ တက္ကသိုလ်ဝင်တန်း အောင်မြင်သော သား/သမီးများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တင်တင်လှက ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ပုံနည်းစနစ်များကို ရှင်းလင်းပြောကြားကာ အမှုဆောင် ဒါရိုက်အသစ်ရွေးချယ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❖ U-12 မှ
အီတလီထိပ်သီးကလပ် ဂျူဗင်တပ် ယူ-၁၂ အသင်း၊ ဂျပန်နှင့် တရုတ်ကလပ်အသင်းများ၏ ယူ-၁၂ အသင်းများ ပါဝင်ယှဉ်ပြိုင်နေပြီး အရှေ့တောင်အာရှမှ မြန်မာတစ်သင်းတည်းသာ ဖိတ်ကြားခံရခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၂၅ ရက်တွင် ဂျပန်ကလပ် Daiwa House Dream ယူ-၁၂ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

# မိုင်းပျဉ်းမြို့ မြို့မဈေး၌ အသားအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်

မိုင်းပျဉ်း ဩဂုတ် ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့တွင် စည်ပင်သာယာရေးဌာနက အသားအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့မဈေးအတွင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိဝန်ထမ်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က မိုင်းပျဉ်းမြို့မဈေးအတွင်း အသားအရောင်းဆိုင်များတွင် အသားအမျိုးအစားအလိုက် သတ်မှတ်ဈေးနှုန်းများဖြင့် ပြည်သူများ မြင်သာစွာသိရှိနိုင်ရန် ဗီနိုင်းများချိတ်ဆွဲထားရှိရေး၊ လိုင်စင်စည်းကမ်းများပါ အသားဈေးနှုန်းများအတိုင်း ရောင်းချရေးနှင့် အလေးချိန်ပြည့်ဝမှန်ကန်စွာ ရောင်းချရေးတို့ကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၃၅ | ၂၃၁၅ | ၂၄၁၀ | ၂၄၂၅ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၇၀ | ၂၆၀၀ | ၃၃၁၅ |
| 95 Ron | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၀၅ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၅ | ၂၄၃၀ | ၂၅၃၀ | ၂၅၄၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၈၅ | ၂၇၁၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၆၅ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၅၀ | ၂၅၇၀ | ၂၅၆၅ | ၂၄၅၅ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၃၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၄၉၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၄၉၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၉ | ၂၂၄၆ |
| 95 Ron | ၂၂၈၃ | ၂၃၆၂ |
| HSD (500 ppm) | ၂၃၀၁ | ၂၃၇၆ |
| HSD (50 ppm) | ၂၃၇၅ | ၂၄၅၂ |
| HSD (10 ppm) | ၂၃၇၅ | ၂၄၅၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၇၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၆၇၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၈-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၃-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၂၄-၈-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၆၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တနင်္သာရီတိုင်းဒေသကြီး ငါး၊ ပုစွန် ထုတ်လုပ်မှုတိုးတက်ရေး သုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ငါး၊ ပုစွန် ထုတ်လုပ်မှုတိုးတက်ရေး အတွက် သုတေသနလုပ်ငန်းများ တိုးတက်မှု သုံးသပ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြိတ်ခရိုင် မြိတ်မြို့ Green Jade Hotel ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ တနင်္သာရီ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တနင်္သာရီ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များကို ပြည်တွင်း၌ ဖူလုံစွာ စားသုံးနိုင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် ရေသတ္တဝါ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် သက်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဦးစားပေးအလိုက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် သုတေသနလုပ်ငန်းများ ရေရှည်တည်တံ့ ဖွံ့ဖြိုးစေရန် ပညာရှင် ဝန်ထမ်းများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးရန်လိုကြောင်း၊ ခိုင်မာသော ဖွဲ့စည်းပုံဖြစ်စေရန်၊ နည်းပညာရပ်ဆိုင်ရာ အတွေ့အကြုံဖလှယ်နိုင်ရန်နှင့် ကျွမ်းကျင်သော လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်ရန် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တနင်္သာရီ တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဦးမောင်ကြီးက ရေသတ္တဝါများ မျိုးထိန်းသိမ်းရန်နှင့် မျိုးပြန့်ပွားရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး အစည်းအဝေး တက်ရောက်လာကြသူများက တနင်္သာရီ တိုင်းဒေသကြီး ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မွေးမြူရေးသုတေသနစခန်း(ကျွန်းစု)အား အဆင့်မြှင့်တင်ခြင်း၊ ကလွင်ကျေးရွာရှိ ငါးလုပ်ငန်းစခန်းအား အဆင့်မြှင့်တင်မှု၊ ကျောက်ငါး (*Epinephelus malabaricus*, Malabar grouper)နှင့် ငါးပါးနီ(*Lutjanus spp*, red snapper)ငါးများအား မျိုးဥနှင့် မျိုးရည်များ ရင့်ကျက်လာစေရန် မတူညီသောအစာ၊ ဆေးဝါးများဖြင့် စမ်းသပ်သုတေသနပြုနေမှု၊ ကကတစ် (*Lates calcarifer*, Seabass) ငါးသားပေါက်များကို မတူညီသော အစာများ ကျွေးမွေး၍ သားပေါက်များ၏ ရှင်သန်နှုန်းနှင့် ကြီးထွားနှုန်းများအား စမ်းသပ်သုတေသနပြုခြင်း အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး တို့သည် ကျွန်းစုမြို့နယ် ပထက်ကျေးရွာတွင် ကျင်းပသည့် တနင်္သာရီ တိုင်းဒေသကြီး ငါးလုပ်ငန်း အဖွဲ့ချုပ်က ငါးလုပ်ငန်းဦးစီးဌာနသို့ PCR စက် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ထို့နောက်တစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနတွင် ဆောင်ရွက်လျက်ရှိသည့် မြိတ်မြို့ဝန်းကျင်ရှိ ခရုနှင့် ကမာ ထုတ်လုပ်မှုအားလျော့လာခြင်း၊ နည်းစနစ်ကျစွာ အသားတိုးမွေးမြူခြင်းနှင့် သားဖောက်မွေးမြူ သုတေသနပြုလုပ်ခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကုန်သွယ်/စီးပွား

### အရောင်းသွက် တွက်ခြေကိုက်သည့် ကံ့ကော်သပြေ

**မုံရွာ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချင်းတွင်းမြစ်ရိုးအရှေ့ဘက်ရှိ ညောင်ဖြူပင်၊ သစ်ဆိမ့်၊ ထနောင်းတော၊ နဂါးတွင်း ကျေးရွာများသည် သပြေနှင့် ပန်းမန်ဥယျာဉ်စိုက်ပျိုးခြင်းလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ခြင်းဖြင့် ပုံမှန်ဝင်ငွေ ရရှိလျက်ရှိကြောင်း သိရသည်။

အဓိကထား စိုက်ပျိုးသော သပြေအမျိုးအစားများမှာ သပြေ(ရိုးရိုး)၊ ပတ္တမြားသပြေ၊ ကျောက်စိမ်းသပြေ၊ အာဆီယံသပြေနှင့် ကံ့ကော်သပြေများဖြစ်ပြီး သပြေပျိုးပင်များကို ပြင်ဦးလွင်မြို့နယ်မှ မှာယူစိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီး တစ်လလျှင်သုံးကြိမ် ရေသွင်းပေးပြီး ပိုးသတ်ဆေးဖျန်းပေးကာ နှစ်နှစ်သားအရွယ်ကစပြီး သပြေညွန့်များကို ခူးဆွတ်ရောင်းချနိုင်သည်။ ဈေးကွက်အနေဖြင့် သပြေအစည်း(အသေး) တစ်ထုံးလျှင် ငွေကျပ် ၃၀၀၀ နှင့် သပြေအစည်း(အကြီး) တစ်ထုံးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် မြို့ပေါ်ရှိ ပန်းဆိုင်များသို့ ပုံမှန်တင်ပို့ရောင်းချလျက်ရှိပြီး တစ်ဆင့်ပြန်လည်ရောင်းချကြသည့် လက်လီပန်းရောင်းသူများနှင့် ခြံအရောက် လာရောက်ဝယ်ယူသူများရှိကြောင်း၊ သပြေတစ်ဧက စိုက်ပျိုးထားရှိလျှင် အနည်းဆုံး တစ်လဝင်ငွေကျပ် ၇၀၀၀၀ မှ ၈၀၀၀၀ ကြား ပုံမှန်ဝင်ငွေ ရရှိကာ တွက်ခြေကိုက်လျက်ရှိသည်။

### ရွှေဘိုမြို့၌ ပဲတီစိမ်းသီးနှံများ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်

**ရွှေဘို ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ ပဲတီစိမ်းသီးနှံများ ဧပြီလတတိယပတ်မှ စတင်၍ ဝင်ရောက်ခဲ့ပြီး ဩဂုတ်လတတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၄၃၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၃၀၀၀(တန်အားဖြင့် ၆၈ တန်)အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ကုန်သည်အများစုအနေဖြင့် ပဲတီစိမ်းများကို သိုလှောင်ထားရှိမှုနည်းပါးပြီး မန္တလေးဈေးကွက်သို့ ဆက်လက်တင်ပို့ ရောင်းချကြကြောင်းနှင့် ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

# ရေချွေတာသုံးစွဲရေးနှင့် မိလ္လာစနစ်တကျစွန့်ပစ်ရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)က ရေချွေတာ သုံးစွဲရေးနှင့် မိလ္လာစနစ်တကျ စွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြင့်မြင့်မြင့်ဝင်းအဖွင့်အမှာစကားပြောကြားပြီး ဌာနမှူး ဦးဇေယျာထွန်းက ရန်ကုန်မြို့တော် ရေပေးဝေရေး သမိုင်းကြောင်း၊ မြို့တော်သို့ အဓိကရေပေးဝေနေသော ရေအရင်းအမြစ်များ၊ ရန်ကုန်မြို့သို့ ရေပေးဝေပုံ အဆင့်ဆင့်၊ ငမိုးရိပ်ရေသန့်စင်စက်ရုံ ရေပေးဝေမှုစနစ်နှင့် ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဒုတိယဌာနမှူး ဒေါ်သင်းသင်းစိုးက ရေချွေတာရေး နည်းလမ်းများ၊ မိလ္လာစွန့်ပစ်ပုံအဆင့်ဆင့်၊ ကမ္ဘာမြေကြီးနှင့် ရေထု အချိုးကျဖြစ်တည်မှု၊ ရေရရှိနိုင်သော နေရာများနှင့် ရေသံသရာလည်ပုံအဆင့်ဆင့်၊ တစ်နေ့တာရေသုံးစွဲမှုပမာဏ၊ ရေသောက်ခြင်းတို့နှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားကာ ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုကို ဌာနမှူးနှင့် ဒုတိယဌာနမှူးတို့က ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

**ညိမ်းသူ( သတင်းစဉ် )**

**❍ ကျောဖုံးမှ**

အခု အမေရိကန်အိုးပင်းဖလား ပြိုင်ပွဲမှာလည်း စင်စင်နတီအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်နေရာမှ တိုက်စစ်မှူး မက်ဆီရဲ့ အလွတ်တည်ကန်ဘော နှစ်ကြိမ်ကနေ တစ်ဆင့် ချေပဂိုး နှစ်ဂိုးရရှိကာ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး အချိန်ပို ယှဉ်ပြိုင်ကစားပြီးချိန်မှာ တစ်ဖက်သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့လို့ ပင်နယ်တီ အဆုံးအဖြတ် ခံယူရာမှာတော့ အင်တာမိုင်ယာမီအသင်းက ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ အင်တာမိုင်ယာမီအသင်းနဲ့အတူ ပွဲစဉ်ရှစ်ပွဲမှာ သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့ပေမယ့် အခုပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း ပထမဆုံးအကြိမ် ဂိုးသွင်းနိုင်ခဲ့ခြင်း မရှိခဲ့တာ ဖြစ်ပါတယ်။

အင်တာမိုင်ယာမီအသင်းဟာ စင်စင်နတီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အိုးပင်းဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိခဲ့ပြီး ဗိုလ်လုပွဲစဉ်အဖြစ် စက်တင်ဘာ ၂၇ ရက်မှာ ဟောက်စတန်ဒိုင်နမိုအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

**ငွေကြယ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၂၆ -၈ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅)၊ အမှတ်(၃၄)တွင် ဘုရင်ကြီးအပေါ်ထားရှိသည့် စေတနာမှန်ကန်မှုကြောင့် ဘုရင်ကြီး၏ လေးလေးစားစား ဆက်ဆံခြင်းကိုခံရသော ဘုရင့်အကြံပေးကြက်တူရွေးအကြောင်း ရေးဖွဲ့ထားသည့် “ပညာရှိကြက်တူရွေး” မျက်နှာဖုံးကာတွန်း၊ ကမ္ဘာ့အကြီးဆုံး တိရစ္ဆာန်ဥယျာဉ်ကြီးသုံးခုအကြောင်းကို ကလေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “ကမ္ဘာ့အကြီးဆုံး တိရစ္ဆာန်ဥယျာဉ်များ”သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့လက်ရာ”ကဏ္ဍ၊ မိခင်တိုင်းက သူတို့၏သားသမီးများအပေါ် အသက်နှင့်ထပ်တူ ချစ်ခင်ကြသည့်အကြောင်း သရုပ်ဖော်ထားသည့် “အသက်နှင့်ထပ်တူ”နှစ်မျက်နှာကာတွန်း၊ မိမိအပေါ် တစ်ပါးသူ၏ ပြုဖူးသောကျေးဇူးကို မေ့လျော့ကာ စိတ်ထားကောက်ကျစ်ခဲ့မှုကြောင့် အသက်ပါဆုံးရှုံးခဲ့ရသော ကျီးကန်းတစ်ကောင်၏ အကြောင်းကို ရေးဖွဲ့ထားသည့် “ကျီးကန်းနဲ့ ပင်လယ်စာ” ပုံပြင်ကဏ္ဍ၊ ကျောင်းစာတွင်သာမက ဗဟုသုတပါ ပြည့်စုံသည့် ရွှေယုအကြောင်း တင်ဆက်ထားသည့် “ရွှေယုပါဝင်တဲ့ စာဖတ်ပါ”တစ်မျက်နှာကာတွန်း၊ အသိပညာ၊ အတတ်ပညာနှင့် ဘဝတိုးတက်ရေးပညာများကို သင်ကြားပေးနေသည့် ဆရာ ဆရာမတို့၏ ဆုံးမစကားများကို လေးစားလိုက်နာကာ တန်ဖိုးထားတတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမင်းနီခိုင်(မောင်တော)၏ “ဆရာ့စကား”ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်စကားဝိုင်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Nang Aye Aye Mya" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ နန်းအေးအေးမြအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တာချီလိတ်နှင့် နမ့်စန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၃ ရက် ညနေ ၄ နာရီတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်တွင် အားဘို မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ထိုနေ့ ည ၇ နာရီခွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်တွင် ဇော်ထက် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မျိုးဇာနည်မောင် မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို သတင်းအရ ရှာဖွေရာ စိတ်ပြောင်းဆေးဝါး (Happy Water) ၁ ဒသမ ၂၅ ကီလိုကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီခွဲတွင် နမ့်စန်မြို့နယ် အမှတ်(၅) ကျေးရွာအုပ်စု ကျီးအစ်ကျေးရွာ အနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ နေမျိုး(ခ) ဦးမျိုးကို စစ်ဆေးရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



အားဘို၊ ဇော်ထက်နှင့် မျိုးဇာနည်မောင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ် ၁၁၃ တန်ကျော် သိမ်းဆည်းရမိ



နေပြည်တော် ဩဂုတ် ၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၆၂ ဒသမ ၃၉၈၀ တန်၊ သစ်မာ ၄ ဒသမ ၃၇၂၂ တန်၊ အခြား ၄၆ ဒသမ ၂၉၀၈ တန် စုစုပေါင်း ၁၁၃ ဒသမ ၀၆၁၀ တန်၊ ယာဉ်/ ယန္တရား ၁၁ စီး၊ တရားခံ ၁၇ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းကိုင်မြို့နယ် နားဟွေလုံကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

